# ကျားကိုက်အော်ကျေးရွာ

# ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်း



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျားကိုက်အော်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ မတ်လ

## မာတိကာ


၁။ စကားချီး ....................................................................................................................၁

၂။ ရည်ရွယ်ချက် ..................................................................................................................၂

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ .....................................................၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား .............................................၃

(ခ) သဘာဝအရင်းမြစ်များ .................................................................................................၄

၄။ စီမံကိန်းဇယားများ...........................................................................................................၅

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ..............................................................................၅

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ...........................................................၅

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား .........................................................................................၆

(၁.၃) သဘာဝ ရင်းမြစ်များ ................................................................................................ ၁၀

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ ........................................................................................ ၁၁

(၁.၅) ထိခိုက်လွယ်မှု ......................................................................................................... ၁၂

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ...................................................................... ၁၆

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ ........................................................................ ၁၆

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ..................................................................... ၁၈

(၂.၃) ရွှေ့ပြောင်းလုပ်သားများ .......................................................................................... ၂၇

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်............................................................................ ၂၉

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ...................................................................... ၂၉

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု........................................................ ၃၀

(၂.၇) ပညာရေး ................................................................................................................ ၃၁

(၂.၈) ကျန်းမာရေးနှင့် အာဟာရ ........................................................................................... ၃၄

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ............................................................................... ၃၇

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ................................................................................... ၃၈

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ ......................................................................... ၃၉

(၂.၁၂) လျှပ်စစ်မီးရရှိမှု ........................................................................................................ ၄၀

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ............................................... ၄၁

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး .................................................................................. ၄၁

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ ................................................ ၄၂

၅။နောက်ဆက်တွဲများ ........................................................................................................... ၄၃

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံညဏ်များ တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ လာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ် ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက် လက်ရရှိမည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

**မတ်လ၊ ၂၀၂၃**

**ကျားကိုက်အော်ကျေးရွာ**

**ဘုတ်ပြင်းမြို့နယ်**

## ၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

## ၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ


### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျားကိုက်အော်ကျေးရွာသည် ကုန်းမြေရွာဖြစ်ပြီး ဘုတ်ပြင်းမြို့မှ ကုန်းလမ်းဖြင့် ၈ဝ မိုင်ကွာဝေးပါသည်။ ကျားကိုက်အော်ကျေးရွာ၏အရှေ့တောင်ဘက်တွင် ပိုကောင်းကုမ္ပဏီ၊ မြောက်ဘက်တွင် ကံမော်ကြီး ကျေးရွာတို့တည်ရှိပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းများသာရှိပါသည်။ အခြားကျေးရွာများသို့ သွားသော လမ်းများမှာ ကုန်းလမ်း၊ ရေလမ်းနှစ်မျိုးလုံးသွားလာနိုင်ပါသည်။ ဘုတ်ပြင်းမြို့နှင့် ရာသီဥတုတူညီပြီး မိုးများသောကျေးရွာဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



### (ခ) သဘာဝအရင်းမြစ်များ

ကျန်းမာရေးအနေဖြင့် နာမကျန်းဖြစ်ပါက ကျေးလက်ဆေးပေးခန်း မရှိသောကြောင့် ကြိုတင်ဆေးဝယ်ထားရခြင်း၊ ရွာရှိ ဈေးဆိုင်များမှ ဆေးဝယ်သောက်ရခြင်း ပြုလုပ်ပြီး မသက်သာပါက ဘုတ်ပြင်းမြို့နှင့် ကော့သောင်းဆေးရုံများသို့ ခက်ခက် ခဲခဲ သွားရောက်ကုသကြပါသည်။ သောက်သုံးရေ အနေဖြင့် ရွာရေတွင်းနှင့် အဝီစိတွင်းများမှ ရရှိပါသည်။ လူဦးရေထူထပ်လာပြီး ရေသယံဇာတ လျော့နည်းလာပါသည်။ ကျားကိုက်အော်ကျေးရွာတွင် ဥယျာဉ်ခြံနည်းငယ်ရှိပြီး သစ်တောအနည်းငယ် ရှိပါသည်။



**အရင်းမြစ်ပြမြေပုံ**

## ၄။ စီမံကိန်းဇယားများ

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**ကျေးရွာ- ကျားကိုက်အော်** **အုပ်စု - မသေ** **ရက်စွဲ - ၁.၃.၂၀၂၃**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၅ | ၈ | ၃.၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၈ | ၁၅ | ၃၃ | ၁၂.၈ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၁၄ | ၄၂ | ၁၆.၃ |
| ၁၀ နှစ်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၃၄ | ၆၄ | ၂၄.၈ |
| ၁၅ နှစ်မှ ၆၄နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉ | ၄၈ | ၉၇ | ၃၇.၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၇ | ၇ | ၁၄ | ၅.၄ |
| **စုစုပေါင်း လူဦးရေ - ၄၀၄** | | **၁၃၅** | **၁၂၃** | **၂၅၈** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၉၀** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၅** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ **ကျားကိုက်အော်**ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၂) စုရှိပြီးလူဦးရေ စုစုပေါင်း(၂၅၈) ဦးရှိပါသည်။ အသက် (၁၅ နှစ်မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၃၇.၆% ရှိပြီး (၁၅) နှစ်အောက်လူဦးရေနှင့် အသက် (၆၀) နှစ်အထက် လူဦးရေစုစုပေါင်း ၆၂.၄% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၅)ဦးနှုန်းရှိသောကြောင့် ကျေးလက် အိမ်ထောင်စု ၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း လုပ်အားအရင်းအမြစ်ရှိသည်ဖြစ်သောကြောင့် အလုပ်အကိုင် အခွင့်အလမ်း များတိုးတက်လာလျှင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပေး နိုင်ပါသည်။

## (၁.၂)		အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁)		လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁၂.၂ | ၂၀ | ၄ | လတ်(ဉယျာဉ်ခြံ) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၅.၆ | ၇ | ၃ | နိမ့်(တောခုတ်) |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂.၂ | ၂ | ၂ | လတ်(ကြက်၊ဝက်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၆ | ၄၀ | ၅၀ | ၇ | လတ် (ပုဇွန်ပိုက်၊ ရာသီပေါ်၊ ဂဏန်းထောင်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၃ | ၁၄.၄ | ၂၂ | ၈ | နိမ့် |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | ၂ | နိမ့်(သဲ၊ကျောက်ကား အငှားလိုက်ခြင်း) |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄.၄ | ၅ | ၁ | နိမ့်(ပန်းရံ) |
| | အလုပ်သမား၊ ကျပန်း၊ | - | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၁၄.၄ | ၁၉ | ၂ | လတ်(လက်ဖက် ရည်ဆိုင်၊ ဈေးရောင်း၊ အဝယ်ဒိုင်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃.၄ | ၃ | - | နိမ့် (ကား၊ဆိုင်ကယ်၊ လှေ)ယာဉ်မောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ၂ | လတ်(ဆေးဆရာ) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | နိမ့် (ထိုင်း၊ မလေးရှား) |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၂၁ | **အခြား** | ၃ | ၃.၄ | - | - | နိမ့်(မှီခို) |
| | **စုစုပေါင်း** | **၉၀** | **၁၀၀** | **၁၂၈** | **၃၁** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ တျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၉၇) ဦးရှိပြီး အမျိုးသား လုပ်သားအင်အားမှာ (၁၂) ရာခိုင်နှုန်းခန့် ပိုမိုပါသည်။ တောဝိုင်းမော်ကျေးရွာတွင် ရေလုပ်ငန်းကို လုပ်ကိုင်ကြသည်ကို တွေ့ရှိရပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ ၅၄.၄% ရှိသည်ကိုတွေ့ရှိရပါသည်။ ရေလုပ်ငန်းအပေါ် ရပ်တည်မှုသည် အလယ် အလတ်အဆင့်တွင်ရှိပါသည်။ အကြောင်းရင်းမှာ အလုပ်အကိုင်ရှိသော်လည်း ငါးပုဇွန် သယံဇာတရှားပါး လာခြင်းတို့ကြောင့်ဖြစ်သည်။ မီးသွေးထုတ်လုပ် ရန်အတွက် လိုအပ်သော သစ်များကို အလွန်အကျွံ ထုတ်ယူ ခြင်းကြောင့် ဒီရေတောနှင့် စားကျက်များ ပျက်စီးလာကြပြီး ငါးပုဇွန်သယံဇာတ ရှားပါးလာမှုကို ဖြစ်ပေါ် စေပါသည်။ ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ဆက်စပ်သော ကိုယ်ပိုင်လုပ်ငန်းနှင့် ကျပန်းလုပ်ငန်း များကိုလည်း လုပ်ကိုင်ကြသည်။ မွေးမြူရေးနှင့် ကြက်၊ဝက်မွေးမြူတစ်နိုင်တစ်ပိုင် မွေးမြူသူများလည်းရှိကာ၊ ကမာ မွေးမြူသူတစ်ဦးရှိနေပါသည်။ လက်လီ၊လက်ကားရောင်းဝယ်ခြင်းများကိုလည်း လုပ်ကိုင်ကြပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | - | - | - | - | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင်မွေး |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင် |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | တစ်ခါတစ်ရံသာရှိ(စရိတ်ငြိမ်း) |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | စရိတ်ငြိမ်း |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | မရှိ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | တစ်နိုင်တစ်ပိုင် |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - | မရှိ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အမျိုးသား အမျိုးသမီး လုပ်အားတူမျှမှု မရှိသောကြောင့် လုပ်အားခ တန်းတူမရရှိပေ။ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စသာ ပြုလုပ်ကြပြီး အချို့မှာ လည်းအပြင်ထွက်ပြီး အလုပ်လုပ် ကြသည်သည်။ တကယ်လုပ်လျှင် တစ်ရက်လုပ်အားခ (၅၀၀၀)

ကျပ်ရမှသာ လုပ်ကြပါသည်။ ကျေးရွာအတွင်း ရေလုပ်ငန်းနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးတို့ကိုသာ လုပ်ကိုင်ကြ ပြီး၊ ထိုအလုပ်များနှင့် ဆက်စပ်သော ကျပန်းအလုပ်များကို လုပ်ကိုင်သူလည်းရှိပါသည်။ ကျပန်းအလုပ် လုပ်သူများအတွက် ရေလုပ်ငန်းလုပ်ကိုင်သူမှာ ဥယျာဉ်ခြံလုပ်ကိုင်သူမှာထက် လုပ်အားခ ပိုရသောကြောင့် လုပ်ကိုင်သူပိုမိုများပြားပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| လယ်မြေ | - | - | - |
| ယာမြေ | - | - | - |
| တောင်ယာမြေ | - | - | - |
| ဥယျာဉ်ခြံမြေ | ၂၁၈ | သင့် | မိုးရေ |
| ကိုင်း/ကျွန်းမြေ | - | - | - |
| ဓနိတောမြေ | ၂ | သင့် | မိုးရေ |
| စားကျက်မြေ | - | - | - |
| ပလပ်မြေ | - | - | - |
| | | | |
| | | | |
| **စုစုပေါင်း** | ၂၂၀ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ ရေအရင်းအမြစ် - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုအချို့သည်ဥယျာဉ်ခြံလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ သီးနှံပင်များ၊ ကွမ်းသီး၊ သီဟိုဠ်၊ ရာဘာ နှင့် ပြောင်းဖူးတို့ကို အဓိကစိုက်ပျိုး ကြပါသည်။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာအသုံးပြုနိုင်ပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | - |
| ဓာတ်သတ္တု ရင်းမြစ် | များ | လွယ်(ကျောက်စရစ်၊သဲ) |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်) | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | - |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | မရှိ | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝ တောတောင်များ၊ ဒီရေတောများ နည်းပါးလာမှုကြောင့် သဘာဝအပင် မျိုးစိတ်များရှားပါးလာပါသည်။ ဆေးဘက်ဝင်အပင် အနည်းငယ်ရှိခဲ့သော်လည်း ယခုအခါ ကျေးရွာ၏ လူဦးရေတိုးတက်လာခြင်း၊ ဒီရေတောများကို အသုံးချမှုမြင့်တက်လာခြင်းကြောင့် မျိုးသုဉ်းပျောက် ကွယ်သွားခဲ့ပါသည်။ ဥယျာဉ်ခြံတိုးချဲ့စိုက်ပျိုးမှုများကြောင့် သဘာဝသစ်တောများ ပြုန်းတီးလာကာ သဘာဝတိရစ္ဆာန် များမျိုးတုံးပျောက်ကွယ်လာပါသည်။ ဓာတ်သတ္တုနှင့် အခြား သဘာဝရင်းမြစ်များ ထွက်ရှိမှုမရှိပါ။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ဥယျာဉ်ခြံ၊ အိမ်ယာမြေ | ဥယျာဉ်ခြံအနည်း ငယ်၊ အိမ်ယာမြေ | စိုက်ပျိုးမြေမရှိ | စိုက်ပျိုးမြေမရှိ |
| အိမ်အခြေအနေ | ပျဉ်ထောင်ပျဉ် ခင်း၊ သွပ်မိုး | ပျဉ်ထောင်ပျဉ်ခင်း ၊ သွပ်မိုး | ထရံကာ၊ ဖက်မိုး | ထရံကာ၊ ဖက်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကွမ်းသီး၊ သီဟိုဠ်၊ | ကွမ်းသီး၊ သီဟိုဠ် | မရှိ | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | အဝယ်ဒိုင်၊ ကုန်စုံဆိုင် | ကုန်စုံဆိုင်၊ ငါး၊ပုဇွန် ဖမ်းယူခြင်း | ဂဏန်းထောင်၊ ကျပန်းအငှား လိုက်ခြင်း၊ တစ်နိုင်တစ်ပိုင် ငါး၊ ပုဇွန် ဖမ်းယူခြင်း | ဂဏန်းထောင်၊ ကျပန်းအငှားလိုက်ခြင် းတစ်နိုင်တစ်ပိုင် ငါး၊ ပုဇွန် ဖမ်းယူခြင်း |
| အခြားပိုင်ဆိုင်မှု | ဆိုင်ကယ်၊ စက်လှေ၊ တီဗွီ၊ စလောင်း၊ ဖုန်း | ဆိုင်ကယ်၊ စက်လှေ၊ တီဗွီ၊ စလောင်း၊ဖုန်း | ဖုန်း၊ စက်လှေ | မရှိ |
| အိမ်ထောင်စု - | ၂ ( ၂.၂ %) | ၂၂ ( ၂၄.၅ %) | ၅၅ (၆၁.၁%) | ၁၁ ( ၁၂.၂ %) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ ၂.၂% ခန့်သာ ရှိကာ ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များမှာ မိမိတို့ပိုင်ဆိုင်သော ဥယျာဉ်ခြံများနှင့် ကုန်စုံဆိုင်၊ အဝယ်ဒိုင်များလုပ်ကိုင်ခြင်းတို့ကြောင့် စီးပွားရေး ချောင်လည်သူများ ဖြစ်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ တစ်နိုင်တစ်ပိုင် မွေးမြူခြင်း လုပ်ငန်းနှင့် ဥယျာဉ်ခြံအနည်းငယ်ကိုလည်း ပိုင်ဆိုင်သူများလည်း ရှိကြသည်။ အဆင်မပြေ သော အိမ်ထောင်စု များမှာ တစ်နိုင်တစ်ပိုင် ဂဏန်းထောင်ခြင်းနှင့် ငါးဖမ်းခြင်းများကိုလည်း လုပ်ကိုင်လျှက်ရှိသည်။ အများစုသည် ဝင်ငွေနှင့် ထွက်ငွေမမျှတခြင်းတို့ကြောင့် မိသားစု အဆင်မပြေ မှုများ ရှိကြသည်။ ၎င်းတို့အတွက် အတိုးနှုန်းသက်သာသော ဝင်ငွေများထောက်ပံ့ပေးခြင်းနှင့် ဝင်ငွေရ လုပ်ငန်းဖြင့်သော မွေးမြူရေးနှင့် ပတ်သတ်သော သားကောင်ပေါက်များထောက်ပံ့ပေးခြင်းဖြင့် အဆင် ပြေသော အိမ်ထောင်စုများအတွက် လုပ်ကိုင်နိုင်ရန်ပိုမို အဆင်ပြေမည်ဖြင့်သည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေ အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လ အောက် | - | - | - |
| ၃ လနှင့် ၆ လကြား | ၂ | ၁၀% | အတိုးဖြင့်ငွေချေးခြင်း။ |
| ၆ လ မှ ၁၂ လ အထိ | ၁၈ | ၉၀% | အတိုးဖြင့်ငွေချေးခြင်း။ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်း ကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရေလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြသဖြင့် ရာသီဥတုအခြေ အနေဆိုးရွားချိန်၊ ကျန်းမာရေးမကောင်းသောအချိန်တို့တွင် ဝမ်းစာဖူလုံမှုမရှိသဖြင့် ငွေတိုးချေးသူများ၊ ဆွေမျိုးမိတ်ဆွေနှင့် ထောင်ကယ်တို့ထံတွင် ငွေများကို ချေးယူကာဝမ်းစာရေး ကျန်းမာရေး အခက်အခဲ များကို ဖြေရှင်းကြသည်။ သို့ဖြစ်၍ ရေလုပ်ငန်းတစ်ခုသာ မလုပ်ကိုင်ကြပဲ အခြားဝင်ငွေရ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်နိုင်လျှင် ကျေးရွာ၏ စီးပွားရေးအခြေအနေများ ပိုမို တိုးတက်လာ နိုင်ပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက် | - | - | - |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော သက်ကြီးရွယ်အိုများမရှိကြပေ။ ဆင်းရဲသောအိမ်ထောင်စု အများစုမှာ အရင်းအနှီး မရှိခြင်း၊ ပုံမှန် အလုပ်မရှိ ကြခြင်း၊ ကျပန်းအလုပ်များသာ လုပ်တတ်ခြင်း၊ အမျိုးသမီးများသာ ရှိသည့်အိမ်များတွင် ပင်လယ်ထွက်၍ ငါးဖမ်းလုပ်ကိုင်ရန် အဆင်မပြေခြင်း၊ ငွေချေးငှားရာတွင် အတိုးနှုန်း မြင့်မားခြင်း တို့ကြောင့် လုပ်ငန်း အခွင့်အလမ်းနည်းပါးပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိ | မရှိဖူးပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | ပိုကောင်းကုမ္ပဏီ၏ စိုက်ပျိုးမြေချဲ့ထွင်မှုများ ကြောင့်ရှားပါးလာပါသည်။ |
| ၃ | ရေကြီးခြင်း | မရှိ | - |
| ၄ | မိုးခေါင်ခြင်း | မရှိ | - |
| ၅ | အအေးလွန်ကဲခြင်း | မရှိ | - |
| ၆ | မုန်တိုင်း | နိမ့် | ၂၀၁၅-၁၆တွင်ဖြစ်ဖူးသည်/အိမ်အချို့ အမိုးလှန်ဖူးသည်။ |
| ၇ | ငလျင် | မရှိ | - |
| ၈ | မီးဘေး | မရှိ | - |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | မီးသွေးဖုတ်ခြင်း၊ သစ်တောခုတ်ခြင်း များကြောင့်ဖြစ်သည်။ |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ် |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | ကာကွယ်ဆေး ထိုးပေးပါသည်။ |
| ၁၃ | တီဘီရောဂါ | မရှိ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | နှစ်စဉ် ရာသီဥတု ပူပြင်းချိန်တွင် ကြက်နာ/ဝက်နာ ဖြစ်တတ်သည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | ပိုကောင်းကုမ္ပဏီ ဂိတ်တံခါးမှာ အချိန် အကန့်အသတ်ဖြင့်သာ သွားလာနိုင်သည်။ |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပိုကောင်းကုမ္ပဏီ၏ စိုက်ပျိုးမြေချဲ့ထွင်ခြင်းများ ကြောင့် သဘာဝသစ်တောများနှင့် စိုက်ပျိုးမြေများရှားပါးလာပါသည်။ မုန်တိုင်းဝင်ရောက်ခြင်းများ နည်းပါးကာ ၂၀၁၅-၁၆ ခုနှစ်တွင် မုန်တိုင်းအသေးစားဝင်ခဲ့ဖူးကာ အိမ်နှစ်ဆောင်၊ သုံးဆောင်ခန့် အမိုးများလှန်ထွက်ခဲ့ဖူးပါသည်။ မျောတိုင်၊ ထင်း၊ မီးသွေး ထုတ်လုပ်မှု ကောင်းခဲ့သောကြောင့် ဒီရေတော ပျက်စီးမှု မြင့်မားလာ ပါသည်။ ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းစဉ်များ၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ် နေပါသည်။ ကြက်၊ဝက်စသော တိရိစ္ဆာန်များတွင် နှစ်စဉ်ရောဂါကျရောက်သောကြောင့် မြို့နယ် မွေးကုဦးစီးဌာနမှ ကာကွယ်ဆေး ထိုးနှံသည့် အစီအစဉ်များ လာရောက် လုပ်ဆောင်သင့်ပါသည်။ ယခင်က ငှက်ဖျားရောဂါအဖြစ်များခဲ့သော်လည်း ယခုအခါတွင် ကျေးလက်ကျန်းမာရေးဌာနများမှ တစ်လတစ်ကြိမ်ခန့် ငှက်ဖျားဆေးများ လာရောက်ထောက်ပံ့ပေးခြင်း၊ တောနက်များနည်းပါးလာခြင်းတို့ကြောင့် ငှက်ဖျားရောဂါ များ အဖြစ်နည်းလာပါသည်။ တောဝိုင်းမော် ကျေးရွာမှ အခြားရွာများ၊ မြို့များ သို့သွားလာရာတွင် ကုန်းလမ်းဖြင့် သွားလာများသည်။ သို့သော် ပိုကောင်းကုမ္ပဏီ ဂိတ်တံခါးမှာ မနက်၆နာရီမှ ည၇နာရီအထိသာ သွားလာနိုင်ပြီး ကျန်အချိန်များတွင် ဖြတ်သန်းသွားလာခွင့် မရှိသောကြောင့် ရွာသူရွာသားများအတွက် အရေး ကိစ္စပေါ်လျှင် သွားလာရေး အခက်အခဲကြုံတွေ့နေရပါသည်။ ကျေးရွာနေရွာသူရွာသားများအနေဖြင့် အရေးကိစ္စကြုံချိန် တို့တွင် တရားဝင်သွားလာနိုင်ရန် သက်ဆိုင်ဌာနများမှ ကုမ္ပဏီနှင့် ညှိနှိုင်းကာ ထိုအခက်အခဲများကို ဖြေရှင်းပေး မည်ဆိုပါက ကျေးရွာ၏ အခက်အခဲတစ်ချို့ပြေလည်လာနိုင်ပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | မူးယစ်ဆေးဝါးသုံးစွဲခြင်း။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မရှိ | ခွဲခြားဆက်ဆံခြင်းမျိုးမရှိပါ။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မရှိ | ခွဲခြားဆက်ဆံခြင်းမျိုးမရှိပါ။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | မရှိ | - |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မရှိ | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများေ ော နေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြော င်းခံရသူများ (IDP) | မရှိ | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ | - |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မရှိ | ခွဲခြားဆက်ဆံခြင်းမျိုးမရှိပါ။ |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | - |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မရှိ | - |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | - |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | - |
| ၁၅ | ဆေးစွဲသူများ | လတ် | ကျန်းမာရေးနှင့် စီးပွားရေးထိခိုက်မှုရှိပါသည်။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မရှိ | - |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မရှိ | - |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | - |
| ၂၀ | ကားသမား | မရှိ | - |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၁ | အခြား | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် လူငယ်များ၏ ထိခိုက်လွယ်မှုအနေဖြင့် မူးယစ်ဆေးဝါး သုံးစွဲမှုများရှိ၍ ၊ ဆေးစွဲနေသူများအနေဖြင့်ရေရှည်တွင် ကျန်းမာရေးနှင့် စီးပွားရေးထိခိုက်မှုများရှိလာပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

#### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၃ | - | ၃ | ဘုန်းကြီးကျောင်း ဝေယျာဝစ္စ | သင့် |
| ၂ | ကာလသမီးအဖွဲ့ | ၃ | - | ၁၀ | ၁၀ | ဧည့်ခံကျွေးမွေး | ကောင်း |
| ၃ | ကာလသားအဖွဲ့ | ၃ | ၂၀ | - | ၂၀ | သာရေးနာရေး | ကောင်း |
| ၄ | မိန်းမကြီးအဖွဲ့ | ၃ | - | ၂၀ | ၂၀ | သာရေးနာရေး | ကောင်း |
| ၅ | အိမ်ထောင်ငယ် | ၃ | ၁၅ | ၁၅ | ၃၀ | သာရေးနာရေး | ကောင်း |
| ၆ | မီးသတ်အဖွဲ့ | ၃ | ၄ | - | ၄ | ကင်းစောင့်၊ မီးဘေးကာကွယ် | သင့် |
| ၇ | အုပ်ချုပ်ရေး အဖွဲ့ | ၂ | ၁၀ | - | ၁၀ | ကျေးရွာ အုပ်ချုပ်ရေး | ညံ့ |
| ၈ | ကျောင်းကော်မတီ | ၂ | ၈ | ၇ | ၁၅ | ကျောင်းလိုအပ်ချက်ကို ရွာသားများနှင့်အတူတူ ဖြေရှင်း | ကောင်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။
(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၄) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၅) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၆) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း အဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေး ကိစ္စရပ်များတွင် အများအားဖြင့်ပါဝင်လုပ်ဆောင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများတွင် ပါဝင်မှု အားနည်း ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ သော်လည်း အုပ်ချုပ်ရေး အပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိပေ။ ယခုလက်ရှိတွင် အုပ်ချုပ်ရေးအဖွဲ့သည် ပျက်စီးနေကာ ပူးပေါင်း ဆောင်ရွက်မှု အားနည်း နေသောကြောင့် ပြန်လည်ဖွဲ့စည်းရန်လိုအပ်နေပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မြစိမ်းရောင် | ၂ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်ချေးငွေ(၂၀၁၅-၁၇)ငါးလုပ်ငန်း |
| ၃ | UNICEF | ၄ | ခြင်ထောင်လှူ (၂၀၁၃-၁၄) |
| ၄ | ERLIP | ၄ | ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး (၂၀၁၆-၁၇) |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ERLIP အဖွဲ့သည် ကျေးရွာ၏အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကပံ့ပိုးပေးသော စီမံကိန်း ဖြစ်သည်။ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဓိကလုပ်ဆောင်လိုသည်များမှာ အမှန်တကယ် လုပ်ဆောင်နိုင သည့် သူများ ပါဝင်သည့် ကော်မတီများကို ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါသည်။ ERLIP အဖွဲ့သာ (၃) နှစ် စီမံကိန်းအဖြစ် ရှိနေပါသည်။ UNICEF အဖွဲ့အစည်းမှာလည်းကျေးရွာအတွင်း ကျန်းမာရေးနှင့် ပတ်သက်သော အထောက်အပံ့ များထောက်ပံ့ပေးခဲ့သည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၉ | ၇၆.၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧက အောက် | ၁ | ၁.၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက အောက် | ၆ | ၆.၇ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက အောက် | ၉ | ၁၀ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၅ | ၅.၆ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၉၀** | **၁၀၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စု အများစုသည် ရေလုပ်ငန်းကိုသာ ဦးစားပေးလုပ်ကိုင်ကြသော်လည်း အချို့အိမ်ထောင်စုများမှာ ဥယျာဉ်ခြံလုပ်ငန်းကိုတွဲဘက် လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၂၃.၃%) ရှိ၍ ကွမ်းသီးပင်များ၊ အခြားသီးနှံပင်များ၊ ရာဘာပင်များကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသား ကျပန်း မိသားစု များသည် ရေလုပ်ငန်းတွင် ဂဏန်းထောင်ခြင်း၊ ငါးဖမ်းခြင်း စသည့်လုပ်ငန်းများကို ဦးစားပေး လုပ်ကိုင်ကြ ပါသည်။

#### (၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ရေသွင်းမြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင် ရေတွင်း | - | - | - |
| ၇ | စိမ့်စမ်းရေ | - | - | - |
| ၈ | ချောင်းရေ | - | - | - |

| စဉ် | အရင်းအမြစ် | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၉ | အခြား | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ တောဝိုင်းမော်ကျေးရွာရှိ ဥယျာဉ်ခြံများမှာ နွေရာသီတွင် ရေမရရှိကြပေ။ မိုးရာသီတွင်သာ မိုးရေကိုအသုံးပြု၍စိုက်ပျိုးကြသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နည်း/လတ်/ များ) | အမြတ် ရရှိနိုင်မှု (နည်း/လတ်/ များ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| ကွမ်းသီး | | ပိဿာ | ၆၂ | ၆၂ | ၆၂ | ၆ | ၈ | များ | နိမ့် | |
| သီဟိုဠ် | | ကီလို | ၂၅၀ | ၅၀၀ | ၃၇၅ | - | - | များ | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတို့သည် ပဲသီး၊ ပြောင်းဖူး အနည်းအကျဉ်းစိုက်ပျိုးကြကာ၊ နှစ်ရှည်သီးနှံပင်များဖြစ်သော ကွမ်းသီး၊ သီဟိုဠ်နှင့် ရာဘာတို့ကို အဓိကစိုက်ပျိုးကြသည်။ ကွမ်းသီး၊ သီဟိုဠ်သီးပင်နှင့် ဟင်းသီးဟင်းရွက်ပင်များ၊ ပဲသီး၊ ပြောင်းဖူး တို့ကို စုပေါင်းရောစိုက်ကြကာ (၄ဧက)ကို တစ်နှစ်လျှင်ငွေကျပ် (၃သိန်း)ခန့် ရနိုင်သည်ကို တွေ့ရှိရပါသည်။ ဥယျာဉ်ခြံ စိုက်ပျိုးသောလူဦးရေမှာ ၁၀ဦးခန့်သာရှိပါသည်။ ဥယျာဉ်ခြံများကို စိုက်ပျိုး ထားသော နှစ်ကာလ မှာ (၄-၆)နှစ်ကြားသာ ရှိသောကြောင့် ကွမ်းသီးပင်အများစုနှင့် ရာဘာပင်တို့မှာ ကုန်ကြမ်းများ ထွက်ရှိခြင်း မရှိသေးသည်ကိုတွေ့ရှိရပါသည်။ သီဟိုဠ်ပင်တစ်ဧကလျှင် တစ်နှစ်ထွက်နှုန်း အနေဖြင့် ငွေ(၄သိန်း)ခန့် ရှိပါသည်။ သီဟိုဠ်စေ့တစ်ကီလိုလျှင်(၈၀၀မှ၁၀၀၀)ကျပ်ကြား ရရှိပါသည်။ သွင်းအားစုအနေဖြင့်ပိုးသတ်ဆေး ပေါင်းသတ်ဆေးများ သုံးစွဲကြပါသည်။ သီးနှံအထွက်နှုန်း ပိုမိုတိုးတက်ရန် နည်းပညာများ၊ အရည်အသွေးပိုမိုကောင်းမွန်သော ထွက်ကုန် များရရှိနိုင်ရန် နည်းပညာများ ပံ့ပိုးပေးနိုင်လျှင် ကျေးရွာ၏ စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာနိုင် ပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | - | - | |
| လက်တွန်းထွန်စက် | - | - | |
| အစေ့ချ ကိရိယာ | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | |
| ရိတ်သိမ်းစက် | - | - | |
| ခြွေလှေ့စက် | - | - | |
| ရေစုပ်စက် | ၂ | - | |
| ခြေနင်းရေတင်စက် | - | - | |
| မြက်ရိတ်စက် | ၇ | - | |
| အခြား | ၁ | - | ရာဘာကြိတ်စက် |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးရေးသုံး ကိရိယာများပိုင်ဆိုင်မှုနည်းပါးကြ ပါသည်။ ဥယျာဉ်ခြံတောခုတ်ရှင်းလင်းများကို အငှားခများဖြင့် လုပ်ဆောင်ခြင်း၊ ကိုယ်တိုင်လုပ်ကိုင်ခြင်း တို့ဖြင့် ဖြေရှင်းကြသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ) | ယခင်က သစ်တောဌာနနှင့် မြေစာရင်းဌာနများနှင့် ချိတ်ဆက်ကာချဲ့ထွင်ခဲ့သော်လည်း၊ယခုတွင် ကုမ္ပဏီပိုင်မြေများဖြစ်ကုန်သောကြောင့် တိုးချဲ့ရန်မြေနေရာမရှိပါ။ |
| ရေရင်းမြစ် | မိုးရေကိုသာ သုံးစွဲကြသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | မြစိမ်းရောင်နှင့် သမချေးငွေ/ ကိုယ်ပိုင်ငွေဖြင့်လည်း စိုက်ပျိုးခဲ့သည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | မည်သည့်အဖွဲ့အစည်းမှ ပံ့ပိုးပေးခြင်းမရှိပါ။ စာအုပ်များ ဝယ်ဖတ်ကာ ဗဟုသုတများအချင်းချင်းဖလှယ်ကြသည်။ |
| သွင်းအားစုဈေးကွက် | ကော့သောင်းမြို့နှင့် နီးသောကြောင့် လိုအပ်သော သွင်းအားစုများ ဝယ်ယူရလွယ်ကူပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | ကော့သောင်းမြို့နှင့် နီးသောကြောင့် အဓိကဈေးကွက်မှာ ကော့သောင်းမြို့သို့သွားရောက်ကြသည်/ ရာသီပေါ်သီးနှံများကို ကျေးရွာတွင်သာ ရောင်းချသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကုမ္ပဏီမြေချဲ့ထွင်လာမှုကြောင့် မူလမြေနေရာ ရှိသူများမှအပ အခြားစိုက်ပျိုးမြေများ ထပ်မံချဲ့ထွင်ရန်မြေနေရာများ မရှိတော့သည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေ အရင်းအမြစ်အဖြစ် မိုးရေကိုသာအသုံးပြုကြသည်။ စိုက်ပျိုးရေးအတွက် ချေးငွေဝန်ဆောင်မှု ကို မြစိမ်းရောင်နှင့် သမချေးငွေများရရှိထားပါသည်။ နည်းပညာဝန်ဆောင်မှုအနေဖြင့် မည်သည့် အဖွဲ့အစည်းများ မှမရရှိခဲ့သော်လည်း စိုက်ပျိုးရေးစာအုပ်များဖတ်ကာ အပြန်အလှန်ဗဟုသုတ ဖလှယ်ခြင်း တို့ဖြင့် စိုက်ပျိုးကြ ပါသည်။ သွင်းအားစုနှင့် ထုတ်ကုန်များအတွက်ဈေးကွက်မှာ ကော့သောင်းမြို့နှင့် နီးသောကြောင့် ကော့သောင်းမြို့သို့ သွားရောက်ကြပါသည်။ ရာသီပေါ်သီးနှံများကို ကျေးရွာအတွင်းသာ ရောင်းချကြသော် လည်းထွက်ကုန်မှာများပြား၍ ရောင်းအားမှာနိမ့်သောကြောင့် ဈေးကွက်အနေဖြင့် ကောင်းမွန်မှုမရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးနည်းပညာများပံ့ပိုးပေးခြင်း၊ ရွာတွင်ထွက်သော သီးနှံဈေးကွက်များကို ရှာပေး နိုင်လျှင် ကျေးရွာ၏သီးနှံထုတ်လုပ်မှု တိုးတက်ရေး အတွက်အခွင့်အလမ်းများပိုမိုလာနိုင်ပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | စိုက်ပျိုးမြေများထပ်မံချဲ့နိုင်ခြင်းမရှိပါ။ |
| မြေဆီသြဇာ အခြေအနေ | ဓာတုမြေသြဇာများ ပိုမို သုံးစွဲလာမှုကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနေပါသည်။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ချေးငွေရရှိမှု မလုံလောက်၊ စည်းကမ်းချက်များ တင်းကြပ်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ချေးငွေ ရရှိမှု နောက်ကျခြင်း၊ ငွေကြေးမလုံလောက်သည့် အခြေအနေ များတွင် သွင်းအားစုများ အချိန်မီ ဝယ်ယူ အသုံးပြုရန် အခက်အခဲ ရှိပါသည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | လုပ်အားခ အလုံအလောက်မပေးနိုင်သောကြောင့် လုပ်သားများ (ကျပန်း) ရှားပါးသည်။ |
| စိုက်ပျိုးရေ | မိုးရေသာရှိပြီး၊ အခြားစိုက်ပျိုးရေ အရင်းအမြစ်များမရှိပါ။ |
| ဖျက်ပိုးနှင့် ရောဂါ | ပိုးမွှား၊ ရောဂါ၊ မြေဆီလွှာကြောင့် ဖြစ်ရသော ပြဿနာများကို ခွဲခြား နားလည်မှု အားနည်းနေကြသောကြောင့် နည်းပညာဝန်ဆောင်မှုများ ပိုမို လိုအပ်နေပါသည်။ |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးကွက်လက်လှမ်းမှီကြသော်လည်း၊ ရာသီပေါ်သီးနှံများမှာ ရွာတွင်း သာရောင်းသဖြင့် ရောင်းအားနည်းပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်သည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး

ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေချဲ့ထွင်နိုင်မှုမှာ ဆက်လက်၍ချဲ့ထွင်ရန် မြေနေရာမရှိတော့သည်ကိုတော့သည်ကိုတွေ့ရှိရပါသည်။ ၎င်းချဲ့ထွင်မှုများမှာ ဌာနနှင့်ချိတ်ဆက်ပြီး (မြေစာရင်းဌာန) လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။ ဥယျာဉ်ချဲ့ထွင်ရန် ငွေကြေးအရင်းအနှီးမှာ သမဈေးငွေနှင့် မြစိမ်းရောင် ဈေးငွေမှသုံးစွဲသည်ကို တွေ့ရှိရပါသည်။ သွင်းအားစုအနေအထားမှာ မြေဆီမြေသြဇာနှင့် ပိုးသတ်ဆေးကိုအနည်းငယ်သုံးစွဲပြီး၊ လုပ်သားငှားရမ်းခြင်းမှာ ငွေကြေးမလုံလောက်သဖြင့် မငှားရမ်းနိုင်သည်ကို တွေ့ရှိရပါသည်။ ၎င်းစိုက်ပျိုးရေးတွင် မိုးရေကိုမှီဝဲပြီး သုံးစွဲနေသည်ကိုတွေ့ရှိ ရပါသည်။ စိုက်ပျိုးထားသော သီးနှံပင်များမှာ ဖြူတောဝက် ဖျက်ဆီးခြင်းနှင့် ရွက်ဖျက်ပိုး၊ သီးဖျက်ပိုးများ ကျရောက်သည်ကို တွေ့ရှိရပါသည်။ ရွက်ဖျက်ပိုးနှင့် သီးဖျက်ပိုးအတွက် အချို့မှာ ဆေးအနည်းငယ် သုံးစွဲသည် ကိုတွေ့ရှိရပါသည်။ ၎င်းဆေးသုံးရာတွင် ဆေးဘူးမှပါသော အညွှန်းကိုကြည့်၍ သုံးစွဲသည်ကိုတွေ့ရှိရပါသည်။ ဈေးကွက်နှင့် လက်လှမ်းမှီမှုမှာ ကောသောင်းမြို့သို့ရောင်းချခြင်း၊ ဝယ်ယူခြင်းများကို လုပ်ဆောင်သည်ကို တွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် ဥယျာဉ်စိုက်ပျိုးရန် ငွေအရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးနိုင်လျှင် ပိုမို ကောင်းမွန်မည်ဖြစ်သည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နွား | - | - | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | - | - | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၇ | ၂၉ | စီးပွားဖြစ် တစ်အိမ်ထောင်စု |
| ကြက် | ၃၆ | ၅၂၀ | တစ်နိုင်တစ်ပိုင်သာ |
| ဘဲ | - | - | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုဇွန်ကန် | - | - | |
| ဂဏန်း | - | - | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၃၈ | - | ရေလုပ်ငန်းကို အဓိက(သို့) တွဲဖက် လုပ်ကိုင်ကြသည့် အိမ်ထောင်စု |
| ကမာမွေးမြူရေး | ၁ | ၇၀ | တစ်ဦးတည်းသာ အစပျိုးလုပ်ကိုင်သည်။ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝက်၊ ကြက်စသည့် ဒေသမျိုးများ ကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင် ကြပါသည်။ ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သော အိမ်ထောင်စုမှာ ကျေးရွာရှိ အိမ်ထောင်စု၏ ၄၂% ကျော်ရှိပါသည်။ ကမာမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်နေသော အိမ်ထောင်စု တစ်စုရှိပါသည်။ မွေးမြူရေနည်းစနစ်များ၊ မွေးမြူနိုင်ရန် မျိုးကောင်းများ ထောက်ပံ့ပေးနိုင်လျှင်ကျေးရွာအတွက် ပိုမိုအထောက် အကူဖြစ်လာနိုင်ပါသည်။

### (၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | မရှိပါ။ |
| ရေရရှိမှု | အနည်းအကျဉ်းအတွက်သာ ရေလုံလောက်နိုင်ပါသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ရွာတွင်း၊ မသေကျေးရွာနှင့် (၅၉၇)တပ်တွင် ဝယ်နိုင်သည်။ |
| ချေးငွေ | မြစိမ်းရောင်မှချေးငွေရရှိပါသည်။ |
| သွင်းအားစု ဈေးကွက် | ကော့သောင်းမှဆန်ဝယ်ကာ ငပျောပင်ကိုတောများမှခုတ်ပါသည်။ |
| နည်းပညာ ဝန်ဆောင်မှု | ရွာလူထုအချင်းချင်း မေးမြန်းကာမွေးမြူကြသည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ရွာတွင်းတွင်ရောင်းသည်။အခြားကျေးရွာနှင့် မြိတ်မြို့တို့မှ လာဝယ်ကြသည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ကြက်၊ဝက်၊ဘဲ တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူရန်မြေနေရာရှိပါသည်။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လက်လှမ်းမမှီပါ။ |
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | မရရှိပါ။ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လိုင်စင် လက်လှမ်းမီမှု | မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လှေ-စက်လိုင်စင်များ လာရောက်လုပ်ဆောင်ပေးပါသည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု (၃၉) စုခန့်သာတစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ ဆိတ်၊ ကျွဲ၊ နွား တို့ကိုမွေးမြူရန် စားကျက်မြေမရှိသောကြောင့် မွေးမြူ၍မရနိုင်ပါ။ ကြက်၊ ဝက်၊ ဘဲတို့ကို မိမိတို့အိမ်ခြံဝင်းအတွင်းတွင် တစ်နိုင်တစ်ပိုင်မွေးမြူနိုင်ပါသည်။ တိရိစ္ဆာန်မျိုးစိတ် များကို ရွာတွင်းတွင်သာ ဝယ်ယူနိုင်သလို အနီးအနားကျေးရွာများနှင့် (၅၉၇)တပ်တို့တွင်လည်း သွားရောက်ဝယ်ယူ နိုင်ပါသည်။ တိရိစ္ဆာန်များအား ကျွေးမွေးရန် အစာအတွက် ဆန်ကို ကော့သောင်းမှ ဝယ်ယူကြပြီး၊ ငပျောပင်များ ကိုတောများမှခုတ်ယူသုံးစွဲကြသည်။ နည်းပညာဝန်ဆောင်မှုအနေဖြင့် မည်သည့်အဖွဲ့အစည်းထံမှ ရရှိခဲ့ခြင်း မရှိသဖြင့် ရွာမှရွာသားအချင်းချင်းမေးမြန်းကာ တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းများ အတွက် နည်းစနစ်များ ပံ့ပိုးပေးနိုင်လျှင် ပိုမိုအကျိုးဖြစ်ထွန်းနိုင်ပါသည်။ မွေးမြူရေးလုပ်ငန်းများ ပြုလုပ်ရန် မြစိမ်းရောင်စီမံချက်မှ ၁ကျပ်ခွဲအတိုးနှုန်းဖြင့် အတိုးနှုန်း သက်သာစွာ ချေးငွေများရှိသော်လည်း ချေးငွေ လုံလောက်မှုမရှိသဖြင့် အတိုးနှုန်းသက်သာ၍ ကာလ ရှည်ကြာစွာ ချေးပေးနိုင်သော ချေးငွေများရရှိရန် လိုအပ်ပါသည်။ သားငါးထုတ်ကုန်ရောင်းဝယ်မှုတို့ကို ရွာတွင်းတွင်သာ ရောင်းဝယ်သကဲ့သို့ အခြားရွာများနှင့် မြိတ်မြို့များမှ လာရောက်ဝယ်ယူကြပါသည်။ ရာသီအလိုက် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးနိုင်မည် ဆိုပါက ရေလုပ်ငန်း လုပ်ကိုင်သူများအတွက် ဝင်ငွေတိုးတက်လာမည့် အခွင့်အရေးများရနိုင်ပါသည်။ ဖမ်းယူရရှိ လာသည့် ကုန်ပစ္စည်းများကိုလည်း လက်ခံဝယ်ယူမည့် အဝယ်ဒိုင်သည်လည်း ရွာတွင်ပင်ရှိပါသည်။ ဆီအုန်းတောများကို ဆေးဖြန်းနေသောကြောင့် ငါး၊ပုစွန်သားဖောက်၍မရနိုင်ပါ။ ငါး၊ပုစွန်မွေးမြူရန် နည်းပညာများ၊ မြေနေရာများ မရှိသောကြောင့် မွေးမြူရန် မဖြစ်နိုင်ပါ။ ကုန်ထုတ်လမ်းကြောင်း အနေဖြင့် ရေလမ်း၊ ကုန်းလမ်း စသည်ဖြင့် လက်လှမ်းမီပါသည်။

## (၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့် စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | မြစိမ်းရောင်နှင့် သမချေးငွေများရှိသော်လည်း လုံလောက်မှု မရှိပါ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်နာကျများသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာများမရှိပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | မရှိပါ။ |

| ပြဿနာနှင့် စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | ရွာဓလေ့ထုံးစံအတိုင်းဖမ်းကြသည်။ |
| ချေးငွေ ရရှိနိုင်မှု | ထောင်ကယ်နှင့် ငွေတိုးချေးသူများ၊ မြစိမ်းရောင်နှင့် သမတို့မှ ချေးငွေရရှိသော်လည်း ချေးငွေမလုံလောက်ပါ။ |
| အခြား | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ချေးငွေရနိုင်မှုအခက်အခဲမှာ မြစိမ်းရောင် နှင့် သမမှချေးငွေရရှိမှုသာရှိသည်ကိုတွေ့ရှိရပါသည်။ ထောင်ကယ်မှချေးငွေဖြင့် အလုပ်လုပ်လျှင် ဂဏန်းပြန်သွင်းကာ အကြွေးဆပ်ရသည်။ ထောင်ကယ်မှငွေချေးထားသူများသည် တစ်ကီလိုကို(၄၅၀၀)ကျပ် ဖြင့်ပြန်သွင်းရသော်လည်း၊ အကြွေးမယူထား လျှင်တစ်ကီလိုလျှင်(၆၀၀၀)ကျပ်ဖြင့် ပြန်သွင်းရသည်။ ငွေတိုးချေးသူထံမှ ငွေချေးလျှင်လည်း ၂၀ကျပ်တိုးနှုန်းဖြင့် တစ်လတစ်ကြိမ် အတိုးပြန်ဆပ်ရသည်။ တစ်ဦးလျှင်လှေ၊ စက်၊ မြှုံးထောက်ပံ့လျှင် ငွေ၁၀သိန်းခန့် ထောက်ပံ့မှသာ လုပ်ကိုင်စားသောက်နိုင်မည် ဖြစ်သည်။အလုပ်ကြိုးစား၍ ဝင်ငွေထွက်ငွေမျှတအောင် သုံးနိုင်လျှင် ဂဏန်းများကို ဈေးနှိမ်၍မရောင်းရလျှင် ၎င်းငွေကို (၆လမှ ၇လအကြာ)တွင် ပြန်ဆပ်နိုင်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူဌေးမှငွေချေးကာ လုပ်ကိုင်နေသူများသည် တစ်ရက်လျှင် ဂဏန်းရောင်း ရငွေ (၁၅၀၀၀ကျပ်မှ ၂၀၀၀၀ကျပ်)ကြားရရှိကာ ၊ ငွေမချေးထားသူများသည် တစ်ရက်လျှင် ငွေ(၃၀၀၀၀) ကျပ်ခန့်ရရှိသောကြောင့် တစ်ရက်လျှင် အမြတ်ငွေရရှိနိုင်မှုသည် တစ်သောင်းခန့် နည်းနေသောကြောင့် အခြေခံလူတန်းစားများအတွက် ဝင်ငွေလျော့နည်းလျှက်ရှိသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာ၍ ကြာလရှည်ကြာ ချေးငွေထုတ်ပေးနိုင်သော စီမံချက်များ လာရောက်နိုင်လျှင် ပိုမိုကောင်းမွန်နိုင် ပါသည်။ ကျေးရွာတွင် ကြက်နာအကျများသောကြောင့် ရောဂါကာကွယ်ရေး နည်းလမ်းများ၊ မွေးမြူရေး နည်းစနစ်များကို မွေးကုဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ မွေးမြူရေးလုပ်ငန်းများကိုလုပ်ဆောင်ရန် လိုအပ်ပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ပေါများခြင်း | ကျပန်းလုပ်သားနှင့် ရေလုပ်သားများပေါများပါသည်။ |
| ဈေးကွက်လက်လှမ်းမီခြင်း | ရွာတွင်းတွင်သူဌေးထံနှင့် ကော့သောင်းမြို့သို့မိုင်(၇၀)ခန့် ကွာခန့်သွားရပါသည်။ |
| အသက်မွေးဝမ်းကျောင်း | ဝင်ငွေတိုးလုပ်ငန်းများဆိုင်ရာ နည်းပညာသင်တန်းများ ပေးနိုင်သည့် |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ပေါများခြင်း | ကျပန်းလုပ်သားနှင့် ရေလုပ်သားများပေါများပါသည်။ |
| နည်းပညာဝန်ဆောင်မှု ရရှိနိုင်ခြင်း | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ အခြား ဦးစီးဌာန များ ရှိနေပါသည်။ |
| အလုပ်လုပ်နိုင်သူ ဦးရေ များခြင်း | ကျေးရွာအတွင်း အသက်အုပ်စုများအရ အလုပ်လုပ်နိုင်သူဦးရေမှာ (၆၀) ရာခိုင်နှုန်းကျော် ရှိနေပြီး အမျိုးသမီးအများစုက အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြသည်။ |
| ကုန်ကြမ်းပေါများခြင်း | ဂဏန်းအသင့်အတင့် ပေါများပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းရှိ ၁၈နှစ်အထက် ကျပန်းအလုပ်သမားများတွင် အမျိုးသား ဦးရေမှာပိုမိုများ၍ အမျိုးသမီးအများစုသည် အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြသည်။ အမျိုးသမီးများ သည် လည်းတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်လျှင် မိသားစုဝင်ငွေများ ပိုမိုတိုးနိုင် ပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ပညာတတ်မြောက်မှု နည်းပါးခြင်း | မူလတန်း / အလယ်တန်းအဆင့်တွင်သာ ရပ်နားခဲ့ကြသည်။ |
| အလုပ်အကိုင် ရှားပါးခြင်း | ရေလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်။ |
| အသက်မွေးဝမ်းကျောင်းပ ညာများ တတ်မြောက်မှု နည်းခြင်း | အခြေခံ လုပ်ငန်းများကိုသာ လုပ်ကိုင်နိုင်ကြပါသည်။ |
| ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင် ရန် နည်းပညာမရှိခြင်း | အခြားစီးပွားရေးလုပ်ငန်းများအတွက် အသိပညာ စဉ်းစားမှု၊ လုံလောက် သော ကျွမ်းကျင်မှု အားနည်းကြပါသည်။ |
| ငွေကြေး အရင်းအနှီး မတတ် နိုင်ခြင်း | အများစုမှာ လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ငွေကြေး အရင်းအနှီး လုံလောက်မှု မရှိကြပါ။ |
| လျှပ်စစ်မီး မရရှိခြင်း | ပုဂ္ဂလိက မီးစက်ဖြင့်သာ အချိန်ပိုင်း ရရှိပါသည်။အများစုမှာ ဖယောင်းတိုင်ဖြင့်သာ အသုံးပြုကြသည်။ |
| လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | မြို့အဝင်တွင် ကုမ္ပဏီဂိတ်မှာ အချိန်အကန့်အသတ်ဖြင့် သွားလာရသဖြင့် ခက်ခဲပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ပညာတတ်မြောက်သူဦးရေ နည်းပါးခြင်း၊ ဒေသမှမည်သည့် ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ ရေလုပ်ငန်းနှင့် ကျပန်းအလုပ်တို့ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ် မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည်ပေးဆပ်သည့်ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေး လုပ်ငန်း များအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါ သည်။လျှပ်စစ်မီးမှာ ဆိုလာမီးများ သုံးစွဲခြင်း၊ အခကြေးငွေ ဖြင့် ပုဂ္ဂလိကမီးစက်များမှ မီးသုံးစွဲခြင်းများရှိသည်ကို တွေ့ရှိရပါသည်။ အများစုမှ လည်း ဖယောင်းတိုင်မီးဖြင့် သုံးစွဲနေကြပါသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် ဈေးကွက် ဆိုင်ရာမှာ ကုမ္ပဏီများရဲ့ အချိန်သတ်မှတ်မှု ကြောင့် သွားလာရေးတွင် အခက်အခဲရှိသည်ကို တွေ့ရှိရသည်။ ပညာတတ်မြောက်မှုမှာ ကျေးရွာတွင် ယခုအနေအထားမှာ ဖတန်းအထိသာရှိ၍ အထက်တန်းပညာရေးမှာအလှမ်းဝေးသည်ကိုတွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် ပညာရေးနှင့် ပတ်သက်သော ထောက်ပံ့မှုများပေးနိုင်လျှင် ပိုမိုကောင်းမွန်လာနိုင်ပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သ ား ရှိ သော အိမ်ထောင်စုနှင့် လူဦးရေ | ၇ | ၄ | - | ၄ | ၃ | ၂ | ၅ | ၇ | ၂ | ၉ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | ၁ | - | - | - | ၁ | - | - | ၁ | - | ၁ |
| | ၆ လ အထိ | ၁ | - | - | - | ၁ | - | - | ၁ | - | ၁ |
| | ၁၂ လ အထိ | ၄ | ၃ | - | - | ၁ | ၂ | - | ၄ | ၂ | ၆ |
| | ၁၂ လ အထက် | ၁ | ၁ | - | - | - | - | - | ၁ | - | ၁ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြသူ အများစုမှာ ပြည်တွင်း၊ပြည်ပ သွားရောက်လုပ်ကိုင်သူဦးရေမှာ မျှနေပါသည်။ အများအားဖြင့် ကာလရှည် သွားရောက်လုပ်ကိုင်သူများ ဖြစ်ကြပြီး ကျေးရွာသို့ ရက်အနည်းငယ်သာ အလည်ပြန်လာကြပါသည်။ ပြည်တွင်းပြည်ပ နှစ်ခု စလုံး၌ အမျိုးသားဦးရေ ပိုများသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၉ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်နေကြသူများမှာ လုပ်ခလစာ ပိုမိုရရှိခြင်းနှင့် အလုပ်အကိုင် ပုံမှန်ရှိခြင်းတို့ကြောင့် သွားရောက်လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ ကျေးရွာရှိ ရေလုပ်ငန်းခွင်မှ အကျိုးအမြတ်အရနည်းသဖြင့် လုပ်အားခ မြင့်မားစွာ မပေးနိုင်ခြင်း စသည်တို့ကလည်း ကျေးရွာအတွင်း အလုပ်အကိုင် အခွင့်အလမ်း ရှားပါးလာရခြင်း၏ အကြောင်းရင်းများ ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် ထောက်ပံ့ငွေများ ပံ့ပိုးပေးနိုင်လျှင် လုပ်ငန်းအခွင့်အလမ်းများ ပိုမိုများလာ နိုင်ပါသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၄ | ၄.၄% | ၂ | ၂ | ၂ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | ၁ | ၁.၁% | - | - | - |
| | - လူကြုံ/ကိုယ်တိုင်ဖြင့် လွှဲပို့ခြင်း | ၃ | ၃.၃% | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများ၏ (၄.၄) ရာခိုင်နှုန်းခန့်မှာ ကျေးရွာပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ ပြန်ပို့ငွေကိုမှီခိုနေရပါသည်။ ရွှေ့ပြောင်းလုပ်ကိုင် သူအများစုမှာ မိသားစုထံသို့ငွေအသင့်အတင့် ပို့ပေးကြသော်လည်း အနည်းစုမှပြန်လည် မထောက်ပံ့ နိုင်ကြပါ။

လုပ်အားခ ရရှိသော ငွေကြေးများကို ငွေလွှဲလုပ်ငန်းဖြင့်သော်လည်းကောင်း၊ ဘဏ်ဖြင့်သော်လည်းကောင်း၊ လူကြုံဖြင့် သော်လည်းကောင်း ပြန်ပို့ပေးကြပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှ အကွာအဝေး (မိုင်) | ပိုကောင်းဈေး-၈မိုင် | ကော့သောင်းဈေး-၇၀မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ဆိုင်ကယ်ဖြင့်-၅၀၀၀<br>ကားဖြင့်-၂၀၀၀ | ဆိုင်ကယ်ဖြင့်-၂၀၀၀၀<br>ကားဖြင့်-၅၀၀၀ |
| ကုန်စည်နှင်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ | ဟင်းချက်စရာ၊ အလှကုန်၊ အိမ်ဆောက်ပစ္စည်းအချို့( ဈေးကြီးသည်။) | လူသုံးကုန်ပစ္စည်းအများစု |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန် ဆောင်မှု | သွပ်မိုး၊အင်္ဂတေခင်း၊အင်္ဂတေတိုင်(ကောင်း) | သွပ်မိုး၊အင်္ဂတေခင်း၊အင်္ဂတေတိုင်(ကောင်း) |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကုန်စည်နှင့်ဝန်ဆောင်မ ဈေးကွက် လက်လှမ်းမှီမှုမှာ ကော့သောင်းမြို့သို့ သွားရောက်ရောင်းဝယ်ခြင်းကို ပြုလုပ်ပါသည်။ တောပိုင်းမော် ကျေးရွာနှင့် ကော့သောင်းမြို့ အကွာအဝေးမှာ(၇၀)မိုင်ခန့်ကွာဝေးပါသည်။ သယ်ယူရေးလမ်းကြောင်းမှာ ကားလမ်းဖြင့် ကော့သောင်းမြို့သို့ သွားရောက်ကြပါသည်။ ဆိုင်ကယ်ဖြင့် သွားလျှင်အသွားအပြန် (၂၀၀၀၀)ကျပ်ခန့် ကုန်ကျ၍ ကားဖြင့်သွားလျှင် (၅၀၀၀)ကျပ်ခန့်ကုန်ကျပါသည်။ ပိုကောင်းဈေးသို့ ဈေးဝယ်ရန်မှာ ဆိုင်ကယ်ဖြင့်သွားလျှင် (၅၀၀၀)ကျပ်ခန့် ကုန်ကျကာ ကားဖြင့်သွားလျှင် (၂၀၀၀) ကျပ်ခန့် ကုန်ကျပါသည်။ ပိုကောင်းဈေးမှာ ကျေးရွာနှင့် (၈)မိုင်ခန့်သာ ကွာဝေးသော်လည်း ကုန်ပစ္စည်းများ စုံလင်စွာမရရှိနိုင်ခြင်း၊ ကုန်ဈေးနှုန်းများကြီးခြင်းတို့ကြောင့် ကော့သောင်းမြို့သို့ သွားဝယ်ယူကြသည် မှာများပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| မြစိမ်းရောင် ချေးငွေ | ချေးငွေ | ၁ နှစ် | ၁.၅ ကျပ် | မလို | ငွေကြေးပမာဏ အကန့်အသတ်ရှိ |
| သမ ချေးငွေ | ချေးငွေ | ၆ လ | ၂ ကျပ် | မလို | အဖွဲ့ဝင်ဖြစ်မှ ငွေချေး |
| ငွေချေးပေးသူ | ချေးငွေ | - | - | မလို | အရမ်းဆင်းရဲရင် ငွေမချေးပေပါ။ |
| မိတ်ဆွေနှင့် | ချေးငွေ | - | ၂၀ကျပ် | မလို | မရင်းနှီးလျှင်မချေးပေးပါ။ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| ဆွေမျိုးများ | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြစိမ်းရောင်နှင့် သမချေးငွေ ဝန်ဆောင်မှုတို့မှာ လူဦးရေအကန့်အသတ်၊ ငွေကြေးအကန့်အသတ်တို့ကြောင့် လုံလောက်မှုမရှိသဖြင့် ကျေးရွာမှလိုအပ်သော အိမ်ထောင်စုတိုင်း ချေးငွေမရရှိကြပါ။ အိမ်ထောင်စုအချို့မှာ ကျေးရွာတွင်း လုပ်ငန်းရှင်များထံတွင် ချေးငွေများထုတ်ယူထားသည်ကို တွေ့ရှိရပါသည်။ ၎င်းငွေချေးပေးခြင်းမှာ အပေါင်ပစ္စည်းထားရန် မလိုပဲ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး အရင်းအနှီးများထုတ်ချေးပေးသည်ကို တွေ့ရှိရပါသည်။ ၎င်းလုပ်ငန်းမှ ထွက်ရှိလာသောပစ္စည်းများကိုဈေးနှိမ်ကာ ထိုသူများထံတွင် ပြန်လည်ပေးသွင်းခြင်းဖြင့် အကြွေးပြန်ဆပ်ပါသည်။ ပြန်လည်ပေးဆပ်ရမည့်ရက်၊လ အကန့်အသတ်မရှိပေးဆပ်ရသည်ကို တွေ့ရှိရပါသည်။ ငွေတိုးချေးသူများထံတွင် ငွေချေးလျှင် တစ်လတစ်ကြိမ် အတိုးနှုန်းပေးဆောင် ရသည်ဖြစ်ပြီး အတိုးနှုန်းမှာ (၂၀)တိုးဖြင့်ပေးဆောင်ရသည်ကို တွေ့ရှိရပါသည်။အလွန်ဆင်းရဲသော အိမ်ထောင်စုများကို ငွေချေးပေးခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီလွှာ အခြေအနေ | လတ် | ပိုးသတ်ဆေးသုံးစွဲမှုကြောင့် |
| အပင်မျိုးစိတ်များ | မြင့် | ပရုံး၊ လမက်၊ ကနစို၊ ကျနန့်၊ ကဖြိုင် တို့မှာ ပျက်စီးမှု မြင့်လာပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | - | - |
| ရေအရင်းအမြစ် | - | - |
| ငါးမျိုးကွဲများ | လတ် | တစ်နိုင်တစ်ပိုင်သာလုပ်ကိုင်သဖြင့် ငါးမျိုးတုံးမှုနည်းသည်။ |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | ဥယျာဉ်တိုးချဲ့လာခြင်းကြောင့် တိရိစ္ဆာန်များမျိုးတုံးပျောက်ကွယ်လာသည်။ |
| စွန့်ပစ်ပစ္စည်းများ စီမံခန့်မှု | လတ် | စနစ်တကျစွန့်ပစ်ခြင်းမျိုးမရှိပါ။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ မီးသွေးဖုတ်ရန်အတွက် ထင်းများ ခုတ်ယူခြင်း၊ ပင်လယ်ကမ်းစပ်တွင်ပေါက်သော အပင်မျိုးစိတ်များ အများအပြားရှိသော်လည်း မျိုးတုန်း ပျက်စီးမှုများ မြင့်မားလာပါသည်။ ဒီရေတောများ ပျက်စီးမှုများလာ၍ ၎င်းတို့ကို မှီခိုနေရသော သားငါး၊ တိရစ္ဆာန်များ အတွက် အန္တရာယ်ရှိလာနိုင်ပါသည်။ စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့် အလေ့အထ မရှိကြပါ။ ဆိုးကျိုးအားဖြင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ သားငါး ပုဇွန်များ မျိုးပွားရန်အတွက် ထိခိုက်နိုင်ခြင်း၊ ရေထုညစ်ညမ်းခြင်း စသည်တို့ ဖြစ်ပွားလာနိုင်စေပါသည်။ သဘာဝပေါက်ရောက် သောတော၊ တောင်များမှာ ပိုကောင်း ကုမ္ပဏီမှ ဆီအုန်းတောများတိုးချဲ့စိုက်ပျိုးခြင်း၊ ကျေးရွာမှ လူသုံးကုန်သစ်ဝါးများထုတ်လုပ်ခြင်း၊ ဥယျာဉ်များချဲ့ထွင်ခြင်းတို့ကြောင့် သစ်ပင်မျိုးစိတ်များ နိမ့်နေ သည်ကို တွေ့ရှိရပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၁၅ | ၁၀ | ၂၅ | ၉.၇% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၆ | ၇ | ၁၃ | ၅.၀% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၃၂ | ၁၂ | ၄၃ | ၁၆.၇% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၅ | ၂၈ | ၆၃ | ၂၄.၄% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၈ | ၄၇ | ၈၅ | ၃၂.၉% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၆ | ၁၄ | ၂၀ | ၇.၆% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၃ | ၅ | ၈ | ၃.၁% |
| **၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၁၃၅** | **၁၂၃** | **၂၅၈** | ၁၀၀% |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၀) ရာခိုင် နှုန်း ရှိပါသည်။ ဘွဲ့ရသူဦးရေ (၈) ဦးသာရှိပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၁၀) နှစ် အထက်လူဦးရေ၏တစ်ဝက်ကျော်ခန့်ရှိပြီး၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် သိသာစွာလျော့နည်းလာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းမှာ ၁% သာ ရှိသည့်အတွက် အထက်တန်းပညာ ပြီးဆုံးရေး

သည် ပညာရေးတိုးတက်မှုအတွက် အဓိက ဖြစ်ကြောင်းတွေ့ရသည်။ ကျေးရွာ၏ ပညာရေး ကဏ္ဍများကို ပိုမိုမြင့်တင် ပေးနိုင်လျှင် စာတတ်မြောက်သူဦးရေများပိုမိုများလာနိုင်ပါသည်။

## (၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၄၆ | ၂၆ | ၇၂ | - |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၈ | ၂၂ | ၄၀ | - |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၄ | ၄ | ၈ | - |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၂ | ၂ | ၄ | - |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းမှ ၆တန်းထိသာ ကျေးရွာတွင်း တက်ရောက်နိုင်ကာ (၇၊၈)တန်းတို့ကိုပိုကောင်းကျောင်းတွင် သွားတက်ရပါသည်။ ပိုကောင်းကျောင်းမှာ ရွာနှင့် (၈)မိုင်ခန့်ကွာဝေးကွာ အငှားဆိုင်ကယ်ဖြင့်သွားလျှင် တစ်ရက်လျှင်(၅၀၀၀)ခန့် ကုန်ကျနိုင်သဖြင့် ကိုယ်ပိုင်ဆိုင်ကယ်ပိုင်ဆိုင်သော အိမ်ထောင်စုများသာ ကျောင်းထားနိုင်သောအနေအထားဖြစ်နေပါသည်။ အထက်တန်းကျောင်းဆက်ထားနိုင်သော အိမ်ထောင်စုများသည် ကော့သောင်းမြို့၊ ခမောက်ကြီးမြို့၊ မြိတ်မြို့ များတွင်အသီးသီးထားကြကာ၊ ပိုကောင်း ကျောင်းမှ (၇၊၈)တန်းအောင်ပြီး သောကျောင်းသားများကို ထိုကျောင်းမှ အထက်ပါကျောင်းများတွင် စီစဥ်၍ကျောင်းထားရန် ပံ့ပိုးပေးပါသည်။

## (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">မူလတန်းကျောင်း</th><th></th></tr>
<tr><td>ရွာမှ အကွာအဝေး(မိုင်)</td><td colspan="3">ကျေးရွာတွင်း</td><td>မူလတန်းအဆင့် အခမဲ့ ပညာရေး</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">မရှိ</td><td>ကျေးရွာတွင်း မူလွန်တန်းကျောင်း</td></tr>
<tr><td>စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်)</td><td colspan="3">(၆၀ ' x ၃၀ ' ) (၆၀ ' x ၁၈ ' )</td><td>-</td></tr>
<tr><td>အမိုး၊ နံရံ၊ အခင်း အရည်အသွေး</td><td colspan="3">သွပ်မိုး၊ သစ်တိုင်၊ အုတ်ညှပ် (သင့်)</td><td>-</td></tr>
<tr><td>ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ပရိဘောဂ လုံလောက်မှု မရှိပါသည်။ ကျောင်းအိမ်သာမှာ ယင်လုံ အိမ်သာ ဖြစ်ပါသည်။</td><td>ယင်လုံအိမ်သာ ရှိသော်လည်း ဆရာမများသာအသုံးပြုနိုင်သည်။</td></tr>
<tr><td>ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ)</td><td colspan="3">ကျောင်းမှ တစ်နှစ်လျှင် နှစ်ကြိမ်ခန့်ကျွေးပါသည်။</td><td>ရွာမှ အလှူရှင်များသည် တစ်ခါတစ်ရံတိုက်ကျွေးပါသည်။</td></tr>
<tr><td>ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td></td></tr>
<tr><td>အစိုးရခန့်</td><td>-</td><td>၄</td><td>၄</td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td>-</td><td>၁</td><td>၁</td><td></td></tr>
</table>

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလွန်တန်းအဆင့် စာသင်ကျောင်းရှိပါသည်။ နှစ်ပေါင်းကြာသောကြောင့် အနည်းငယ်ယိုယွင်းမှု ရှိနေပါသည်။ စာသင်နေသော ကျောင်းဆောင်မှာ နှစ်ဆောင်ခန့်ရှိ၍ ၎င်းတို့မှာ(၆၀ ' x၃၀ ') နှင့်(၆၀ ' x၁၈ ') တို့ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂ လုံလောက်မှု မရှိသည်ကို တွေ့ရှိရပါသည်။ ကျောင်းတစ်ဆောင်စီတွင် ယင်လုံအိမ်သာတစ်လုံးစီ ရှိသော်လည်း ဆရာ/ဆရာမ များသာအသုံးပြုနေပါသည်။ ကျောင်းတွင် တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ကျောင်းမှ ကျွေးကာ အလှူရှင်မှ အာဟာရတိုက် ကျွေးမှုများရှိပါသည်။

### (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်မှုမရှိပါ။ |
| တပည့် - ဆရာ အချိုး | ၂၄ - ၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ယခင်ကမူလတန်းကျောင်းသာရှိသဖြင့် မူလတန်းကျောင်းထွက်နှုန်းများသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ (မသန်စွမ်းသူလည်း မရှိပါ) |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ဗလာစာအုပ်၊ ပြဋ္ဌာန်းပုံနှိပ်စာအုပ် အပြည့် အစုံ၊ ဝတ်စုံ တစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး၊ လေ့ကျင့်ခန်း စာအုပ်နှင့် စာရေး ကိရိယာများကို ကျောင်းသား ဝယ်သုံးရပါသည်။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မူလတန်းနှင့် မူလွန်အထိကျောင်းထားနိုင်ကြသော်လည်း အလယ်တန်း၊ အထက်တန်း ကျောင်းထားနိုင်ရန် ခက်ခဲပါသည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | ဘောလုံးကစားခြင်းသာ ရှိပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာသားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ယခင်ကမူလတန်းကျောင်းရှိပြီး၊ ယခုအချိန်တွင် မူလွန်ကျောင်းဖြစ်လာပြီး ဆရာ/ဆရာမများလုံလောက်မှု မရှိသေးပါ။ ၎င်းကျေးရွာသို့ ယခင်က ဆရာ/ဆရာမများ ထပ်မံတောင်းဆိုထားသော်လည်း ရောက်ရှိလာခြင်းမရှိသေးသည်ကိုတွေ့ရှိရပါသည်။ အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲ သော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါသည်။ယခင်က မူလတန်းအထိသာ ရှိသောကြောင့် မူလတန်းဖြင့် ကျောင်းထွက်နှုန်းများပါသည်။ ယခုအခါတွင် မူလွန်အထိတက်ရောက်နိုင်လာသဖြင့် မူလတန်းဖြင့် ကျောင်းထွက်သူဦးရေ လျော့နည်းလာပါသည်။ သို့သော်လည်း အလယ်တန်း၊အထက်တန်း ပညာရေးတို့ကို ပြီးဆုံးအောင်ထားနိုင်ရန် မိဘများမှာ မတတ်နိုင်သည်မှာများပါသည်။ ကျောင်း၏

လိုအပ်ချက်များကို မိဘဆရာ အစည်းအဝေးများ ပုံမှန်ပြုလုပ်ကြပြီး လိုအပ်ပါက ထပ်မံခေါ်ယူ ဆွေးနွေးပါသည်။ မိဘနှင့် ဆရာ များ ပူးပေါင်းဆောင်ရွက်မှု အားကောင်းပါသည်။

ကျေးရွာမူလွန်ကျောင်းပြီးသွားသော ကျောင်းသား၊ ကျောင်းသူများသည် ပိုကောင်း ကျောင်း နှင့် ကော့သောင်း၊ ခမောက်ကြီး၊ မြိတ်မြို့ကျောင်းများသို့ သွားရောက်တက်ရသည်။ သို့ဖြစ်၍ အနီးဆုံး ပိုကောင်းကျောင်းတွင် ကျောင်းထားလျှင်လည်း (၈)မိုင်ခန့် ကွာဝေးသောကြောင့် ကိုယ်ပိုင် ဆိုင်ကယ်မရှိလျှင် သွားတက်ရသော ယာဉ်ခဈေးကြီးသောကြောင့် အများစုမှာ မတက်ရောက် နိုင်ကြပါ။ အခြေခံပညာ အလယ်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားနေ သော်လည်း အောင်ချက် ကောင်းမွန်လာစေရန် ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်း အားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | ✓ | | နွေရာသီရေရှားချိန်တွင် ဖြစ်တတ်သည်။ |
| ၂ | သွေးလွန်တုပ်ကွေး | | ✓ | | မိုးရာသီတွင် တစ်ခါတစ်ရံ ဖြစ်တတ်သည်။ |
| ၃ | ငှက်ဖျား | | | ✓ | ကျန်းမာရေးဌာနများမှ ဆေးဝါးထောက်ပံ့ပေးပါသည်။ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | ✓ | မဖြစ်တတ်ပါ။ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | ✓ | မဖြစ်ဖူးပါ။ |
| ၆ | တီဘီ | | ✓ | | (၂)ဦးခန့်ရှိပါသည်။ |
| ၇ | ဆီးချို | | ✓ | | (၆)ဦးခန့်ရှိကာ ကော့သောင်းမြို့တွင် ဆေးကုသကြပါသည်။ |
| ၈ | သွေးတိုး | | ✓ | | ရေထွက်ပစ္စည်းများ စားသုံးများခြင်း ကြောင့် ဖြစ်သည်။ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | | ✓ | မဖြစ်ကြပါ။ |
| ၁၀ | အာဟာရ ချို့တဲ့မှု | | | ✓ | မဖြစ်ကြပါ။ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | ✓ | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်း တပေါင်း၊ တန်ခူးလချိန်တွင် ရေရှားပြီး

နေပူလွန်းသောကြောင့် နှစ်စဉ်နှစ်တိုင်း ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားကျပြီး၊ (၂)နှစ်တွင် တစ်ယောက်ခန့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ ကျေးရွာတွင် တီဘီရောဂါ ဝေဒနာသည် (၂)ဦး ရှိသော်လည်း ဆေးဝါးကုသခံနေပါသည်။ အိုင်အိုဒင်းဓာတ်များပါဝင်သော ထွက်ကုန်များ အသုံးပြု သောကြောင့် သွေးတိုးရောဂါများ ဖြစ်ပွားကြပါသည်။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | | ၆လတစ်ကြိမ် ကျေးလက်ဆေးပေးခန်းမှ လာရောက်၍ ထိုးနှံပေးသည်။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | | ၆လတစ်ကြိမ် ကျေးလက်ဆေးပေးခန်းမှ လာရောက်၍ ထိုးနှံပေးသည်။ |
| ၃ | ပိုလီယိုရောဂါ | ✓ | | ၆လတစ်ကြိမ် ကျေးလက်ဆေးပေးခန်းမှ လာရောက်၍ ထိုးနှံပေးသည်။ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း) | ✓ | | ၆လ တစ်ကြိမ် ကျေးလက်ဆေးပေးခန်းမှ လာရောက်၍ ထိုးနှံပေးသည်။ |
| ၅ | ဝက်သက်ရောဂါ | ✓ | | ၆လ တစ်ကြိမ် ကျေးလက်ဆေးပေးခန်းမှ လာရောက်၍ ထိုးနှံပေးသည်။ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✓ | | လစဉ်လာရောက်ထိုးနှံပေးပါသည်။ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ | ကျေးရွာအုပ်စုတွင် ရွာများသောကြောင့် မလုပ်ဆောင်နိုင်ခြင်းဖြစ်သည်။ |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ | မပြုလုပ်ဖူးပါ။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အုပ်စုကျေးရွာဖြစ်သော ကံမော်ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ သားဖွားဆရာမမှ တစ်လတစ်ကြိမ်လာရောက်၍ ကိုယ်ဝန်ဆောင် မိခင်များအတွက် စစ်ဆေးပေးခြင်းနှင့် ကလေးသူငယ်များအတွက် ကာကွယ် ဆေးများကို တစ်လ တစ်ကြိမ် တစ်မျိုးစီလာရောက် တိုက်ကျွေးခြင်း စသည်တို့လုပ်ဆောင် ပေးလေ့ရှိပါသည်။ ထို့ကြောင့် လည်း ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။ အာဟာရ မှတ်တမ်းယူမှုမျိုးနှင့် အာဟာရပညာပေး အစီအစဉ်များ မရှိကြပါ။ ထိုသို့မရှိရခြင်းမှာ ကျေးရွာအုပ်စုတွင် ကျေးရွာများသော်လည်း တာဝန်ကျ ဆရာမအရေအတွက် နည်းနေသဖြင့် လုံလောက်မှုမရှိရခြင်းဖြစ်သည်။

## (၂.၈.၃)　　ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ/ မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ် ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာနခွဲ | ကံမော် ကြီးရွာ | ဆောက်လုပ်ဆဲ | သားဖွားဆရာမ - ၁ | - | - |
| တိုက်နယ် ဆေးရုံ | ၇၀မိုင် | ၁၅ ခုတင်ဆန့် ဆေးရုံ(လုံလောက်မှုမရှိပါ) | ဆရာဝန်-၁<br>လ/ထ-၁<br>ကျန်းမာရေးမှူး-၂<br>အရံသားဖွားဆရာမ-၂ | လုံလောက်မှုမရှိပါ။ | သွားရောက်မှု နည်းပါး ပါသည်။ |
| မြို့နယ် ဆေးရုံ | ၇၈ မိုင် | ၂၅ ခုတင် ဆန့် ဆေးရုံ | ဆရာဝန် - ၁<br>သူနာပြု - ၃<br>သားဖွားဆရာမ - ၄ | ဆေးဝါးလုံလောက် သိုလှောင်မှု ပုံစံကောင်း | |
| ဆေးဆိုင် | - | အိမ်ဆိုင်-၁ | ဆေးဝါးကျွမ်းကျင်သူ (ဟုတ်/မဟုတ်) - ဟုတ် | လက်လှမ်းမှီမှု- ရှိ<br>သိုလှောင်ပုံစနစ်- အသင့်အတင့် | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။**　　။ ကျေးရွာတွင် ကျေးလက်ဌာနခွဲမရှိတွင် ကျေးရွာတွင်း အရံသားဖွားဆရာမနှစ်ဦးနှင့် လူထုကျန်းမာရေးတစ်ဦးတို့ရှိသည်ကို တွေ့ရှိရပါသည်။ အရံသားဖွား ဆရာမ များအနေဖြင့် ဆေးတိုက်ခြင်း၊ဆေးထိုးခြင်း တို့ကိုလုပ်ဆောင်ပြီး၊ လူထုကျန်းမာရေးမှူးအနေဖြင့် မြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများလာရောက်ပါက ဝိုင်းဝန်းကူညီပေးခြင်းများ လုပ်ဆောင်ပေး ရပါသည်။ ကျေးရွာဆေးပေးခန်းရှိ အရံသားဖွားဆရာမများတွင် ငွေကြေးမတတ်နိုင်သဖြင့် ဆေးဝါး ပစ္စည်းများ လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ တိုက်နယ်ဆေးရုံအနေဖြင့် ကရသူရိမြို့တွင် ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် ဆေးဝါးပစ္စည်းများ၊ဆရာဝန်များ ပိုမိုကောင်းမွန်သော ကော့သောင်း မြို့သို့ သွားရောက်ကုသကြသည်ကို တွေ့ရှိရပါသည်။ ကရသူရိမြို့သို့သွားရောက် ကုသခြင်း မှာ ဆေးဝါးပစ္စည်းများ လုံလောက်စွာမရှိသဖြင့် သွားရောက်ကုသခြင်းနည်းပါးပါသည်။ ဘုတ်ပြင်း မြို့နယ် ဆေးရုံတွင် ဆရာဝန် (၁) ဦး၊ ထမိန်အစိမ်း သူနာပြု (၁) ဦး၊ ထမိန်အပြာသူနာပြု (၂) ဦး၊ ထမိန်အနီသူနာပြု (၄) ဦး ရှိပါသည်။ ဆေးဆိုင်အနေဖြင့် ကျေးရွာရှိ အရံသားဖွားဆရာမတစ်ဦးသည် ဆေးဝါးကျွမ်းကျင် သင်တန်းဆင်းလည်းဖြစ်သောကြောင့် အိမ်တွင်ဆေးဝါးအချို့ရောင်းချကာ ဆေးကုသ ပေးပါသည်။

## (၂.၉)	ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁)	သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၂/၂၂ | ကောင်း | - | ✓ | ✓ | |
| အဝီစိတွင်း/စက်တပ် | ၁/၆၆ | ကောင်း | - | ✓ | - | |
| အဝီစိတွင်း/တုံကင် | - | - | - | - | - | |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | |
| မြစ်/ချောင်း | - | - | - | - | - | |
| ရေကန် | - | - | - | - | - | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | - | - | - | - | - | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။**	။ ကျေးရွာအတွင်းတွင် အဝီစိတွင်း (၁) တွင်း ရှိပြီး ကျေးရွာရှိ အိမ်ထောင်စုများအား ရေရောင်းချပေးပါသည်။ ကျေးရွာမှ ၎င်းရေကိုသောက်ရာတွင် ပေါ့နေသည်ကို သိရှိရပြီး နွေရာသီတွင် တစ်နေ့လျှင် ရေတစ်နာရီသာ လွှတ်ပေးနိုင်သောကြောင့် ရေလုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ မိုးရာသီတွင်သာ မိုးယူများခံယူသုံးစွဲသဖြင့် ရေလုံလောက်မှုရှိပါသည်။ ရေရောင်းချပေးရာတွင် ရေမီတာများဖြင့် အခကြေးငွ ေကောက်ယူကာ တစ်ယူနစ်လျှင် (၁၀၀၀) ကျပ်ပေးဆောင်ရပါသည်။ ရေပေးရာတွင် တစ်နာရီသာ ပေးနိုင်သောကြောင့် အိမ်မှာလူရှိမှသာလျှင် ရေရှိနိုင်ပြီး လူမရှိပါက ရေမရနိုင်သည်ကို တွေ့ရပါသည်။ ကျေးရွာ အတွင်းတွင် လက်ငင်ရေတွင်း(၂)တွင်းရှိ၍ အများသုံး ရေတွင်းတစ်တွင်းရှိကာ အချို့အိမ်ထောင်စုများမှာလည်း ထိုရေတွင်းတွင် အသုံးပြုကြပါသည်။ ကျန်တစ်တွင်းမှာ တစ်အိမ်သုံးကိုယ်ပိုင်တွင်းဖြစ်ပါသည်။ ထိုကျေးရွာတွင် ရေသုံးသောက်စွဲရန် အခက်အခဲ များရှိပါသည်။

### (၂.၉.၂)	သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၁၇ | အနည်းစုသာအသုံးပြုကြသည်။ |
| ကျင်းအိမ်သာ | - | အသုံးပြုခြင်းမရှိပါ။ |
| မြေ/ရေပေါ်အိမ်သာ | ၃၃ | ဗဟုသုတနည်းသောကြောင့်/မိရိုးဖလာအရ အသုံးပြုကြသည်။ |
| တောထိုင် | ၄၀ | အလွန်ဆင်းသောအိမ်ထောင်စုနှင့် ကုန်းတွင်းပိုင်းနေသူအများစုအသုံးပြုကြသည်။ |

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| စုစုပေါင်း | ၉၀ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အလေ့အထဖြစ်ပြီး ပင်လယ်နှင့်နီးသောကြောင့် ရေပေါ်/မြေပေါ်အိမ်သာ အမျိုးအစားကိုသာ သုံးစွဲကြပါသည်။ ဒီရေမရောက်သောနေရာများတွင် နေထိုင်သော အိမ်ထောင်စု အများစုသည် အိမ်သာများပြုလုပ်ခြင်းမရှိပဲ တောထိုင်ခြင်းဖြင့်ဖြေရှင်း ကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ ဆောက်လုပ်ကြရန်နှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျနေပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | ✓ | ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | ✓ | | ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် များ ရရှိကြပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ✓ | | ၂၀၁၅ ခုနှစ်တွင် ဖြစ်ခဲ့ဖူးပါသည်။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✓ | | သတင်းများမှတဆင့် သိရှိကြပါသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပါသည်။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အားတက် သရော ပါဝင်ကြပါသည်။ ၂၀၁၅ခုနှစ်တွင် အမျိုးသမီးအကြမ်းဖက်ခံရခြင်း ရှိခဲ့ဖူးသော်လည်း ယခုအခါတွင် အလားတူ အမှုမျိုးမဖြစ်တော့သည် ကိုတွေ့ရှိရပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြော

ဆွေးနွေးပွဲများ ပုံမှန် ပြုလုပ်ပေးစေလိုပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃/၄) | ကောင်း သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး | |
| ရွာတွင်းလမ်း | ၃ | ညံ့ | ၂၀၁၅ | - | ✓ | ၆၈၀၀ ပေ |
| ချဉ်းကပ်လမ်း | ၁ | သင့် | ၂၀၁၅ | - | ✓ | ၈ မိုင် |
| ရွာချင်းဆက်လမ်း | ၁ | သင့် | ၂၀၁၅ | - | ✓ | ၅ မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းဖြစ်၍ ပေ(၆၈၀၀)ခန့် ရှည်လျားပါသည်။ ထိုလမ်းအား တည်ဆောက်ခဲ့သော ခုနှစ်မှာ (၂၀၁၅)ခုနှစ်ဖြစ် သော်လည်း လမ်းအရှည်အသွေးကောင်းမှုမရှိခြင်း၊ ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းတို့ကြောင့် လမ်းမှာ ပျက်ယွင်းနေသည့် အပိုင်းများ တွေ့ရှိရပါသည်။ ကျေးရွာသည် ပြည်ထောင်စုလမ်းမကြီးမှ (၈)မိုင်ခန့်ကွာ ဝေးပါသည်။ တောဝိုင်းမော်ကျေးရွာသည် ကံမော်ကြီးကျေးရွာနှင့် ကုန်းလမ်းဖြင့် သွားလာနိုင်ပြီး ၅မိုင်ခန့်ကွာဝေးပါသည်။ ၎င်းချဉ်းကပ်လမ်းအား ၂၀၁၆ ခုနှစ်တွင် ပိုကောင်းဆီအုန်းကုမ္ပဏီမှ မြေသားလမ်း ဖောက်လုပ် ပေးထား ခြင်းဖြစ်ပါသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | - | - | - | - | - |
| သစ်သားတံတား | - | - | - | - | - |
| ကွန်ကရစ်တံတား | - | - | - | - | - |
| ကြိုးတံတား | - | - | - | - | - |
| ရေပြွန် | - | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆိပ်ခံတံတားများမရှိသော်လည်း ကမ်းစပ်ရှိ အောက်ခံမြေမှာ သဲကျောက်မြေများဖြစ်သောကြောင့် အလွယ်တကူ ဆိုက်ကပ်ကြပါသည်။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | မြိတ်မြို့နှင့် ကော့သောင်းမြို့ သို့ | စက်လှေ | - | ✓ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကုန်းလမ်းနှင့် ရေလမ်းနှစ်မျိုးစလုံး အသုံးပြုနိုင်သော်လည်း ကုန်းလမ်းမှာ အချိန်ကန့်သတ်မှုများရှိခြင်းကြောင့် ပင်လယ် ရေကြောင်းလမ်းကိုသာ အသုံးပြုမှုခြင်းများပါသည်။ ပင်လယ်ရေကြောင်းဖြင့် သွားလာရန်မှာ ကော့သောင်းမြို့သို့ (၇)နာရီခန့်ကြာညောင်း၍ ၊ မြိတ်မြို့သို့ (၁၀)နာရီခန့် ကြာညောင်းပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက် လှေ | လှေ၊ သမ္ဗာန် | စက် ဘီး | မော်တော် ဆိုင်ကယ် | ထော်လာ ဂျီ | ကား | မြင်းလှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၆၆/၂ | ၃ | ၃ | ၂၃ | ၁ | ၂ | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းနှင့် ရေကြောင်းလမ်းနှစ်မျိုးကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | ၁၆/၁ | ညံ့ | ရှိ |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၁၄/၂၇ | သင့် | ရှိ |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |
| ဖယောင်းတိုင် | ၃၄ | - | ရှိ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဒီဇယ်အင်ဂျင်အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးရှိပါသည်။ လျှပ်စစ်မီးကို ညနေ (၆) နာရီမှ ည (၁၀) နာရီ အထိ ပေးပြီး မီးသုံးစွဲမှုပေါ် မူတည်၍ ငွေပေးချေရပါသည်။ ကျန်သောအချိန်များတွင် ဖယောင်းတိုင်မီးများကိုသာ အသုံးပြုကြရပါသည်။ မီးအားနည်းပြီး မီးစက်ပျက်နေချိန်တွင် မီးမရရှိပေ။ ဆိုလာပြားများ ရရှိရန်အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ထားပြီး ဖြစ်ပါသည်။ သို့သော်လည်း အိမ်တိုင်းစေ့ ဆိုလာမီးလင်းရေးအတွက် စုစည်းလုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၆၉ | ၃ | ၃၇ | ၂၉ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မည်သည့်ဖုန်းလိုင်းမဆို ဆက်သွယ် အသုံးပြုနိုင်သော် လည်း နေရာတိုင်းတွင်း ဖုန်းလိုင်းမမိသည်ကို တွေ့ရှိရပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်းပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်းပါသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | နည်းပါးပါသည်။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | အသင့်အတင့် ရှိကြပါသည်။ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ဘာသာရေးဘက်တွင် အားသန်ကြပါသည်။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | နည်းပါးပါသည်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အပန်းဖြေနိုင်သည့် နေရာများနှင့် လက်လှမ်းမီမှုမရှိပါ။ ကျေးရွာတွင် ဘောလုံးကွင်းရှိသော်လည်း လူငယ်များအနေဖြင့် အားကစားများနှင့်ပတ်သက်၍ လက်လှမ်းမီမှု နည်းပါးပါသည်။ ကျေးရွာစာကြည့်တိုက်တွင် ပညာဒါနထောက်ပံ့ပေးမှု နည်းပါး ပါသည်။ ဖုန်းလိုင်းမိသဖြင့် အင်တာနက် လက်လှမ်းမှီကြသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | ဖုန်းလိုင်း ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ စာတိုက်မှာ ဘုတ်ပြင်းတွင် ရှိပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရေကြီးချိန်တွင် ဘေးကင်းစေရန်အတွက် မြို့နယ်မှ အကြောင်းကြား ပါသည်။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ကံမော်ကြီးရဲစခန်း(၈)မိုင်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ဖုန်းလိုင်းများ ကောင်းမွန်သဖြင့် ဆက်သွယ်ရေး လွယ်ကူပါသည်။ ပင်လယ်ကမ်းခြေရွာများဖြစ်၍ ရာသီဥတုအခြေအနေအရ သဘာဝဘေးအန္တရာယ် ကြုံတွေ့နိုင်ဖွယ် ရှိလျှင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတဆင့် ဘုတ်ပြင်းမြို့နယ်အုပ်ချုပ်ရေးမှူးမှ အကြောင်းကြား လာပါသည်။ မှုခင်းများ ရှိပါက များသောအားဖြင့် ကံမော်ကြီးရဲစခန်းသို့ သွားရောက်ကြပါသည်။

### (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **စိုးရိမ် /သာမန်/မရှိ** | မရှိ | မရှိ | မရှိ | သာမန် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် (၂၀၁၅) ခုနှစ်တွင် မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် စိတ်ပျက်ယွင်းကာ အကြမ်းဖက်မှုတစ်ခု ဖြစ်ခဲ့ဖူးပါသည်။ ယခုနောက်ပိုင်းတွင် ထိုကဲ့သို့ မှုခင်းမျိုး ဖြစ်ပွားခြင်း မရှိတော့ပါ။ ကျေးရွာတွင် လူကုန်ကူးခြင်း၊ အသေးစားခိုးခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းများ ရှိသော်လည်း မှုခင်းကြီးကြီးမားမားဖြစ်ခဲ့ဖူးခြင်းမရှိသည်ကို တွေ့ရှိရပါ သည်။

## ၅။နောက်ဆက်တွဲများ

### ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာ- ကျားကိုက်အော် အုပ်စု -မသေ

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု** | | | | | | |
| ၁။ | • အုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုအပိုင်းများတွင် အမျိုးသမီးများ နေရာမရခြင်း။ | • ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည် မြင့်တင်ရေး အစီအစဉ်များမရရှိခြင်း၊<br>• ဓလေ့ထုံးစံအရ | • ကျေးရွာတွင် အမျိုးသမီးများ ပါဝင်ခွင့်ရှိသည့် ဖွံ့ဖြိုးရေး စီမံကိန်း ရှိခြင်း | • မြို့နယ်အဆင့်မှ အမျိုးသမီးများအတွက် ဦးဆောင်မှု သင်တန်းများ လာရောက်ပေးခြင်း မရှိခြင်း | • ကျေးရွာအသက်မွေးဝမ်းကျောင်းစီမံကိန်းများအကောင်အထည်ဖော်ရန် လိုအပ်သော အဖွဲ့များဖွဲ့စည်းခြင်း(အဖွဲ့များတွင် အမျိုးသား အမျိုးသမီး အချိုးကျ ဖွဲ့စည်းခြင်း။) | ၁။ စွမ်းဆောင်ရည် မြှင့်တင်ခြင်း သင်တန်းပေးခြင်း |
| **ကဏ္ဍ - ငါးလုပ်ငန်း** | | | | | | |
| ၂။ | • ငါးပုဇွန် ဈေးနှုန်း ရရှိမှု လျော့နည်းခြင်း<br>• ငါးပုစွန်များ ရှားပါးလာခြင်း<br>• ငါးလုပ်ငန်းဥပဒေကို မလိုက်နာခြင်း | • ငါးပုဇွန်အရောင်းအဝယ် ကုန်သည်တစ်ဦးတည်းကိုသာ မှီခိုနေရခြင်း (ငွေကြေး အရင်းအနှီးများအတွက်)<br>• ဒီရေတောများ ပြုန်းတီးလာခြင်း<br>• ရေအောက်သယံဇာတများ ပြုန်းတီးလာခြင်း | • ဈေးပြိုင်ဝယ်ယူမည့် ကုန်သည်များရှိခြင်း၊<br>• ငါးပုဇွန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများ ဖော်ထုတ်ရန် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး စီမံကိန်း ဆောင်ရွက်နေခြင်း | • ငါးဈေးနှုန်းများအား ထိန်းချုပ်ထား ခြင်း<br>• ငါးလုပ်ငန်းရှင်ကြီးများ စနစ်တကျ ငါးဖမ်းယူခြင်းမရှိ၊ စက်ယန္တရားကြီးများ အသုံးပြုခြင်း | -ငါးထုတ်ကုန်ဈေးကွက်တိုးတက်ရေးအတွက် မြို့နယ်အဆင့်အဖွဲ့အစည်းများသို့ တင်ပြခြင်း အစုအဖွဲ့စနစ်ဖြင့် ထုတ်လုပ် ရောင်းချသည့် စနစ်များ ထူ ထောင်ခြင်း၊<br>• ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ငါးလုပ်ငန်း | ၂။ ငါးလုပ်ငန်း ဥပဒေ အတိုင်း ဆောင် ရွက် ကြပ်မတ်ခြင်း (ငါးဦးစီးဌာန)<br><br>၃။ ငါးအဝယ်ဒိုင် များ ဖန်တီးပေးခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | ( ဝါလတ်စက်လှေကြီးများ ဖမ်းယူခြင်းကြောင့်) | | | ဥပဒေဆိုင်ရာ ဟောပြောခြင်း<br>• ငါးလုပ်ငန်းကဏ္ဍတိုးတက်စေ ရေး လုပ်ဆောင်နေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ | |
| • **ကဏ္ဍ - သီးနှံထုတ်လုပ်ရေး** | | | | | | |
| ၃။ | • သီးနှံစိုက်ပျိုးသူနည်းပါးခြင်း<br>• စိုက်ပျိုးနည်းပညာ ဗဟုသုတ အားနည်းခြင်း<br>• မြေသြဇာများနှင့် ပျိုးပင်များအား လက်လှမ်းမမှီခြင်း | • စိုက်ပျိုးသည့် ဥယျာဉ်ခြံနှင့် ရေအရင်းအမြစ် ဝေးကွာနေခြင်း၊ ကုန်းမြင့်ဒေသများတွင် ရှိနေခြင်း၊<br>• မြေပိုင်ဆိုင်သူ နည်းပါးခြင်း<br>• သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာ မရရှိခြင်း၊<br>• အရင်းအနှီး လုံလောက်မှု မရှိခြင်း၊ | • နှစ်ရှည်သီးနှံခြံများတွင် နှစ်တိုသီးနှံများအား ကာလတိုဝင်ငွေရသီးနှံ အဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း | • ဈေးကွက်နှင့် အလှမ်းဝေးခြင်း<br>• ငါး၊ပုဇွန်လုပ်ငန်းကိုသာ အားထားကြခြင်း | • ကြားသီးနှံများ စိုက်ပျိုးလာနိုင်စေရန် အသိပညာနှင့် နည်းပညာများတောင်းခံခြင်း၊<br>• ရေလုပ်ငန်းသက်သက်ကိုသာ အားထားခြင်းမပြုဘဲ စိုက်ပျိုးရေး လုပ်ငန်းကိုပါ ဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်လာရန် စီစဉ်ခြင်း၊<br>• စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ပြီး သြဂဲနစ်မြေသြဇာများ ဖန်တီးပေးခြင်း | ၄။ စိုက်ပျိုးရေ ရရှိရန် ဆောင်ရွက်ခြင်း<br><br>၅။ သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း၊ (စိုက်ပျိုးနည်း၊ ဈေးကွက်၊ လုပ်ငန်း စီမံခန့်ခွဲမှု) |
| **ကဏ္ဍ - မွေးမြူရေး** | | | | | | |
| ၄။ | • ဝက်၊ ကြက်ရောဂါ ကျရောက်၍ ဆုံးရှုံးခြင်း<br>• သားပေါက်များ လက်လှမ်းမမှီခြင်း<br>• မွေးမြူရန် နေရာ အခက်အခဲရှိခြင်း | • ကာကွယ်ဆေးထိုးသည့် အစီအစဉ်များ မရှိခြင်း၊<br>• မိရိုးဖလာ အစွဲရှိခြင်း၊<br>• ခေတ်မီမွေးမြူရေး အသိပညာ အားနည်းခြင်း၊<br>• မြေနေရာ နည်းပါးခြင်း<br>• ဈေးကွက်နှင့် အလှမ်း ဝေးခြင်း၊ | • မွေးမြူရေးလုပ်ငန်းကို မိသားစုအပိုဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း | • တိရစ္ဆာန်ရောဂါကာကွယ် ကုသရေး နည်းပညာ ဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူခြင်း | • မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှုနှင့် နည်းပညာများရရှိရန် မွေးကုဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊<br>• အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် စီစဉ်ခြင်း၊ | ၆။ တစ်နိုင်တစ်ပိုင် မွေးမြူ ရေး လုပ်ငန်းများ လုပ် ကိုင် နိုင်အောင် ဆောင် ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| **ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၅။ | • အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း<br>• ငွေကြေးအရင်းအနှီးမျာ း လက်လှမ်းမမှီခြင်း | • ရေသယံဇာတမျိုးစိတ်များ လျော့နည်းလာခြင်း<br>• အတန်းပညာတတ်မြောက်သူ နည်းခြင်း၊<br>• ရေလုပ်ငန်းကိုသာ အဓိက အသက်မွေးမှုဟုထင်နေခြင်း၊<br>• အတိုးနှုန်းကြီးစွာ ချေးယူနေရခြင်း | • ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း<br>• ရေလုပ်ငန်းထွက် ကုန်ကြမ်းများ ရရှိနိုင်ခြင်း<br>• ဥယျာဉ်ခြံသီးနှံ ထွက်ကုန်များအား ကုန်ချောပြုလုပ်ရန် အခွင့်အလမ်းများ ရှိခြင်း | • လုပ်ငန်းအခွင့်အလမ်း တိုးတက်ရေးစီမံကိန်းများ ဒေသတွင်း၌ မရှိခြင်း | • အလုပ်အကိုင်အခွင့်အလမ်းများ လက်လှမ်းမီမှု တိုးတက်ရေး အစီအစဉ်များဖြင့် ကျေးရွာလူထုအား ကူညီရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း | ၇။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၆။ | • ချေးငွေလုံလောက်မှု မရှိခြင်း | • ချေးယူသည့် အိမ်ထောင်စု များပြားခြင်း<br>• ချေးယူသည့် ငွေပမာဏများပြားခြင်း | • မြစိမ်းရောင်ချေးငွေ ရရှိခြင်း<br>• အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်နိုင်ခြင်း | • တိုးနှုန်းသက်သာ သော ချေးငွေများ လုံလောက်စွာ မရရှိခြင်း | • အတိုးနှုန်းသက်သာသော ငွေချေးများ ထပ်မံရရှိနိုင်ရန် မြို့နယ် အဆင့်သို့ တင်ပြခြင်း၊ | ၈။ တိုးနှုန်းသက်သာ သော ချေးငွေများ ထပ်မံရရှိ လာအောင် ဖန်တီးပေးခြင်း |
| **ကဏ္ဍ - ပညာရေး** | | | | | | |
| ၇။ | • ကျောင်းတက်ရောက်မှု အားနည်းခြင်း<br>• မူလတန်းကျောင်း ထွက်နှုန်း မြင့်မားခြင်း<br>• ပညာရေး အဆောက်အဦ၊ အသုံးအဆောင် ပစ္စည်းများကောင်းမွန်မှု မရှိခြင်း | • မိသားစုလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြခြင်း<br>• ပညာရေးအား စိတ်ဝင်စားမှု အားနည်းခြင်း၊<br>• ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း၊<br>• မိဘဆရာအဖွဲ့များ အလုပ်လုပ်မှု အားနည်းခြင်း၊ | • ဆရာ/မများ လက်လှမ်းမီခြင်း | • မူလတန်းအဆင့်ပြီးဆုံးပါက အလယ်တန်းသို့ တက်ရောက်နိုင်ရန် ခက်ခဲခြင်း (ငွေကြေး/ လမ်းပန်းဆက်သွယ်ရေး) | • အဆင်မပြေသော ကျောင်းသားများအား ပညာရေး အတွက် ထောက်ပံ့ပေးနေသောအဖွဲ့နှင့်ချိတ်ဆက်ခြင်း၊<br>• စာသင်ကျောင်းအတွက်ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်များ ရေးဆွဲခြင်း၊<br>• ကျောင်းရန်ပုံငွေ ရှာဖွေခြင်း/ စုဆောင်းခြင်း၊ | ၉။ စာသင်ကျောင်း အခြေခံ အဆောက်အဦ များ တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | | | | | | |
| ၈။ | • အိမ်သာ စနစ်တကျ အသုံးပြုမှု အားနည်းခြင်း<br>• သောက်သုံးရေ လက်လှမ်းမီမှု တိုးတက်ရန် လိုအပ်ခြင်း<br>• ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိခြင်း/ လက်လှမ်းမ မှီခြင်း | • အခြေခံကျန်းမာရေးဆိုင်ရာ များအား အလေးထားမှု အားနည်းခြင်း<br>• ရေပိုက်လိုင်းများရှိသော်လည်း ရေမလုံလောက်ခြင်း | • သွယ်တန်းထားသော ကျေးရွာတွင် ရေပိုက်လိုင်း တည်ရှိခြင်း<br>• ရေအရင်းအမြစ်ပေါများခြင်း | • ပင်လယ်ကျေးရွာများဖြစ်သောကြောင့် အိမ်သာကို စနစ်တကျ အသုံးမပြုခြင်း | • အခြေခံကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း၊<br>• ရွာသားများ ကိုယ်တိုင် လေ့လာ သင်ယူလိုစိတ်ရှိအောင် စွမ်းဆောင်ရည် မြင့်တင်မှု ပြုလုပ်ခြင်း၊<br>• ရေကော်မတီဖွဲ့စည်း၍ အိမ်ရှေ့အထိ ရေရောက်အောင် ပိုက်လိုင်း သွယ်တန်းခြင်း၊ ရေပေးဝေမှု စနစ်တည်ဆောက်ခြင်း၊ | ၁၀။ ရေပိုက်လိုင်းအား ပြင်ထိန်းလုပ်ငန်းများ ပြုလုပ်ပေးခြင်း<br>၁၁။ အိမ်သာ စနစ်များ သုံးစွဲတတ်အောင် ပျိုးထောင်ပေးခြင်း |
| **ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ** | | | | | | |
| ၉။ | • ရွာတွင်းတံတားလမ်းများ ကောင်းမွန် မှု မရှိခြင်း | • ရွာတွင်းကားကြီးများ ဝင်ရောက်ခြင်းကြောင့်လမ်းများ ပျက်စီးခြင်း<br>• ရေမြောင်းများ မရှိခြင်း | • လမ်းတံတားများ တည်ဆောက်မည် ဆိုပါက သစ်၊ သဲ၊ ကျောက် များ ဒေသတွင် လက်လှမ်းမှီခြင်း | | • သစ်သားတံတားများအား ကွန်ကရစ်တိုင်၊ သစ်သားအခင်းဖြင့် အဆင့်မြှင့်တင်ခြင်း၊<br>• ရွာတွင်း သတိပေးဆိုင်းပုန်များ ထားရှိခြင်း (၁၃တန်နှင့် အထက်)<br>• ရေမြောင်းများ ထားခြင်း | ၁၂။ ကွန်ဂရစ်လမ်းခင်းခြင်း |
| **ကဏ္ဍ - ကျေးရွာမီးလင်းရေး** | | | | | | |
| ၁၀ | • လျှပ်စစ်မီး အိမ်တိုင်းနီးပါး မရရှိခြင်း | • မီတာခဈေးနှုန်းကြီးခြင်း | • NEP စနစ်ဖြင့် အကောင်အထည်ဖော်ထားသော ဆိုလာများ ကျေးရွာတွင် တည်ရှိခြင်း | • TV နှင့် အခြားလျှပ်စစ်သုံး ပစ္စည်းများ အသုံးမပြုနိုင်ခြင်း | • ဈေးနှုန်းချိုသာသော ပုဂ္ဂလိက မီးပေးရေးနှင့် ဆက်သွယ်ခြင်း။ | ၁၃။ ပုဂ္ဂလိက လျှပ်ခါတ်အား ဖြန့်ချီရေးနှင့် ချိတ်ပေးခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| **ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု** | | | | | | |
| ၁၁။ | • အားကစားကွင်းများ မရှိခြင်း<br>• စာကြည့်တိုက်မရှိခြင်း | • မြေနေရာမရှိခြင်း<br>• လူငယ်ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊ | • အားကစားနှင့် စာပေကို စိတ်ဝင်စားသော လူငယ်များ ရှိခြင်း | • အားကစားကွင်း တည်ဆောက်ရန် မြေနေရာမရှိခြင်း (ကျွန်း၏ တစ်ဖက်တွင်သာ တည်ရှိသည်) | • လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် အဖွဲ့အစည်းများထံ လေ့လာခြင်း | ၁၄။ အားကစားကွင်း ဖောက်လုပ်ပေးခြင်း<br>၁၅။ စာကြည့်တိုက် စနစ်ကို တည်ထောင် ပေးခြင်း |
| **ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး** | | | | | | |
| ၁၂။ | • ငါးမျိုးပြုန်းတီးလာခြင်း<br>• အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း<br>• ဒီရေတော ပြုန်းတီး လာခြင်း | • ဒီရေတောများ ပြုန်းတီးလာခြင်း<br>• အမှိုက်များ စွန့်ပစ်ရန် မြေနေရာ/သတ်မှတ် မထားခြင်း<br>• ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာ အားနည်းခြင်း | • ဒီရေတောပြန်လည်စိုက်ပျိုးမည် အစီအစဉ်များ ရှိနေခြင်း | • ပြန်လည်စိုက်ပျိုးရန် ငွေကြေးမရှိခြင်း | • ဒီရေတော စိုက်ခင်းများ ပြန်လည်ထူထောင်ခြင်း<br>• ဒီရေတောထိန်းသိမ်းရေးဆိုင်ရာ ဒေသစည်းမျဉ်း ဥပဒေများ ရေးဆွဲသတ်မှတ်ခြင်း<br>• ဒီရေတောထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊<br>• အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။ | ၁၆။ ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်း<br>၁၇။ အမှိုက်စွန့်ပစ်မည် နေရာများ ဖန်တီးပေး ခြင်း |

# <u>အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ</u>

ကျေးရွာ- ကျားကိုက်အော် အုပ်စု -မသေ ရက်စွဲ-၁-၃-၂၀၂၃

| ဦးစားပေး အဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ရွာတွင်းလမ်းကွန်ကရစ်ဘီးလမ်းခင်းခြင်း |
| ၂ | ဆိပ်ခံတံတားတည်ဆောက်ခြင်း |
| ၃ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း |
| ၄ | ဆေးပေးခန်းတည်ဆောက်ခြင်း |
| ၅ | ကျေးရွာမီးလင်းရေးလုပ်ငန်း |